၁၂၇၅ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေပလ္လင်တော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ အခမ်းအနားကျင်းပ





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ လှူဒါန်းသော ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေပလ္လင်တော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ အခမ်းအနားကို ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဦးမောင်ကြီးတန်ဆောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

**ရန်ကုန် မေ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ လှူဒါန်းသော ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေပလ္လင်တော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဦးမောင်ကြီးတန်ဆောင်း၌ မေ ၂၀ ရက် နံနက် ၅ နာရီတွင် ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အဆိုပါအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်တော်မူကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို အခမ်းအနားဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ မဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များရွတ်ဖတ်သော ပရိတ်တရားတော်များကို နာယူကြပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူပြီး အမျှပေးဝေကာ ရေစက်ချမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် နံနက် ၈ နာရီတွင် ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ၌ ကျင်းပသည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး၊ ကျောင်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

## ကြည့်ရှုစစ်ဆေး

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ မေရှမ်း ဟိုတယ်၌ ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# တည်းခိုခ အဆမတန်တောင်းခံခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ထိခိုက်နိုင် အိမ်သာရှည်ကြာလာခြင်းဖြစ်ရာ မိမိအကျိုးစီးပွားရော နိုင်ငံတော်အကျိုးအတွက်ပါဆောင်ရွက်



**ရန်ကုန် မေ ၂၁**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ရန်ကုန်မြို့လယ်ရှိ ဟိုတယ်လုပ်ငန်းလိုင်စင်ရ အလတ်စားနှင့် အသေးစားဟိုတယ်များသို့ သွားရောက်ခဲ့ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ မေရှမ်းဟိုတယ်သို့ရောက်ရှိပြီး ဟိုတယ်ဧည့်ကြို၊ အိပ်ခန်း၊ စားသောက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မေရှမ်းဟိုတယ်၌ အခန်းပေါင်း ၂၄ ခန်းရှိပြီး တစ်ယောက်အိပ်ခန်း လေးခန်းရှိကာ တစ်ညလျှင် ပြည်တွင်းဧည့် ငွေကျပ် ၁၅၀၀၀၊ ပြည်ပဧည့် အမေရိကန် ၁၅ ဒေါ်လာ၊ နှစ်ယောက်အိပ်ခန်း၁၆ ခန်းရှိကာ ပြည်တွင်းဧည့် ငွေကျပ် ၂၀၀၀၀၊ ပြည်ပဧည့် အမေရိကန် ၂၅ ဒေါ်လာ၊ သုံးယောက်ခန်း လေးခန်းရှိကာ ပြည်တွင်းဧည့် ငွေကျပ် ၂၅၀၀၀၊ ပြည်ပဧည့် အမေရိကန် ဒေါ်လာ ၃၀ ဖြင့် တည်းခိုနိုင်သည်။

အိပ်ခန်းတိုင်း၌ ရေချိုးခန်းနှင့်အိမ်သာ ပူးတွဲပါရှိပြီး တယ်လီဖုန်း၊ လေအေးပေးစက်၊ တီဗွီ၊ အင်တာနက်ဆက်သွယ်နိုင်သည့် ဝိုင်ဖိုင်ပါရှိကာ အတက်/အဆင်းအတွက် ဓာတ်လှေကားပါရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် (၃၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ Garden Guest House သို့ရောက်ရှိကာ အိပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၂၂ ရက်)

# အစကောင်းဖို့ လိုပါသည်

မည်သို့သောအလုပ်ကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ အစကောင်းမှ အကျိုးဖြစ်နိုင်ပါသည်။ အစမကောင်းလျှင် အနှောင်းမကောင်းနိုင်၊ အစကောင်းမှ အနှောင်းသေချာမည် စသည်ဖြင့် ပြောဆိုလေ့ရှိကြသည်။ မှန်ပါသည်။ အဘယ်သို့သော အလုပ်မဆို အစကောင်းအောင် လုပ်ကိုင်ကြပါမှ အောင်မြင်မှု၊ တိုးတက်မှုတို့ကို ဧကန်မုချရနိုင်ပေသည်။

မကြာမီရက်များအတွင်း ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကို ကျင်းပတော့မည်။ ကျောင်းသားမိဘများက မိမိတို့ ရင်သွေးငယ်များ ကျောင်းအပ်နှံရေး လုံးပန်းနေကြပြီ။ ပညာသင်နှစ်တစ်ခုလုံး ချောချောမွေ့မွေ့ပညာသင်ကြားနိုင်ရေး ယခုအချိန်ကတည်းက အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ကြရပေသည်။ ကျောင်းသား ကျောင်းသူများ၏ ပညာသင်နှစ် တာထွက်ချိန်သည် ယခုအချိန်မှစတင်ပြီဖြစ်သည်။ တာထွက်ကောင်းမှ ပန်းတိုင်ကို လှမ်းကိုင်နိုင်ပေမည်။ ပညာသင်နှစ် စသည် ကျောင်းသား ကျောင်းသူများအတွက် လွန်စွာအရေးကြီးပါသည်။

ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်း ကလေးပညာကောင်းဆိုသည့် စကားရှိသည်။ မှန်ပါသည်။ ထိုသုံးချက်ပူးပေါင်းပါမှ ကလေးများ၏ ပညာရေးသည် ကောင်းမွန်နိုင်ပါသည်။ သင်ပြမှုကောင်းသော ကျောင်း၊ စည်းကမ်းကောင်းသောကျောင်းဖြစ်ရေးသည် ဆရာ ဆရာမများပေါ်တွင် အဓိကအားဖြင့် မူတည်နေပါသည်။ မိမိတို့၏ကျောင်း ကောင်းသတင်း၊ ကောင်းဂုဏ်ရစေရေးအတွက် သင်ကြားမှု ကောင်းသော ကျောင်းဖြစ်အောင် ကြိုးစားအားထုတ်ကြရပါမည်။ စည်းကမ်းကောင်းသော ကျောင်းဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရပါမည်။ သို့မှသာ ဆရာ၏ပူးပေါင်းခြင်းဖြင့် ကလေးပညာရေး ကောင်းနိုင်ပါသည်။

တစ်ဖန် မိဘများကလည်း မိမိတို့ သားသမီးများ ကောင်းစွာပညာသင်ကြားနိုင်စေရေးအတွက် လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးကြဖို့ လိုပါသည်။ စာအုပ်၊ ခဲတံမှအစ ကျောင်းဝတ်စုံ၊ ထီး၊ ဖိနပ်၊ လွယ်အိတ်စသည်ဖြင့် ပြည့်စုံအောင်ဖြည့်ဆည်းပေးဖို့ လိုပါသည်။ တတ်နိုင်လျှင် အသစ်ဝယ်ပေးဖို့ လိုပါသည်။ ကလေးတို့သဘာဝ အသစ်ကိုခုံမင်တတ်ကြပါသည်။ ထိုအသစ်များသည် စိတ်ကိုလန်းဆန်းတက်ကြွစေပြီး စာကြိုးစားချင်စိတ်ကို ဖြစ်စေနိုင်ပါသည်။ အကောင်းဆုံးဖြည့်ဆည်းပေးမှုများဖြင့် စာသင်ခန်းများဆီသို့ အရောက်ပို့ပေးဖို့ လိုပါသည်။

နောက်ဆုံးအရေးအကြီးဆုံးတစ်ချက်သည် ကိုယ်တိုင်ကြိုးစားအားထုတ်မှုပင်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူတိုင်းက ထူးချွန်သော ကျောင်းသား ကျောင်းသူဖြစ်ရမည်ဆိုသော ခံယူချက်ဖြင့် ကြိုးစားအားထုတ်ကြရပါမည်။ ကျောင်းမည်မျှကောင်းကောင်း၊ မိဘက မည်မျှထောက်ပံ့ထောက်ပံ့ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမရှိလျှင် ထူးချွန်သော ကျောင်းသား ကျောင်းသူမဖြစ်နိုင်ပါ။ အောင်မြင်မှုရနိုင်လိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် ကိုယ်တိုင်အားထုတ်ဖို့ လိုပါသည်။

သို့ပါ၍ ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်းဆောင်ရွက်မှုကို ပညာသင်နှစ် နှစ်စကတည်းက ဟန်ချက်ညီညီ ဆောင်ရွက်သင့်ပေသည်။ အသင်အပြကောင်းသော စံပြကျောင်း၊ စည်းကမ်းကောင်းသော စံပြကျောင်းများဖြစ်အောင် ကြိုးစားရပါမည်။ မိဘတိုင်းက အကောင်းဆုံးသော ပံ့ပိုးပေးမှုများဖြင့် မိမိတို့ သားသမီးများကို စာသင်ခန်းများအရောက် ပို့ပေးနိုင်ရပါမည်။ ကျောင်းသား ကျောင်းသူတိုင်းကလည်း ကိုယ်တိုင်ကြိုးစားအားထုတ်ဖို့ လိုပါသည်။ အစကောင်းဖို့ လိုပါသည်။ အစကောင်းမှ အနှောင်း သေချာမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းမှု အစကောင်းရန်တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။



## ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ခရမ်းမြို့၌ဖွင့်

ရန်ကုန် မေ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ဘုရားပျံကျေးရွာအုပ်စု ဘုရားပျံကျေးရွာ လင်းရောင်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိဇာလှိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လင်းရောင်ဦးစာကြည့်တိုက်အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၅၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက စာအုပ်စာစောင် ၅၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ပံ့ပိုးငွေကျပ် ငါးသိန်းနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ် သုံးသိန်းဖြင့် ဆောက်လုပ်ခဲ့ပြီး စာကြည့်တိုက်မှာ အကျယ် (၁၄ × ၁၈) ပေရှိ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၏ အမှိုက်အစိုနှင့်အခြောက် ခွဲခြားစွန့်ပစ်ခြင်း ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို မေ ၁၈ ရက် ညနေ ၃ နာရီက သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူးဦးခင်ဝင်းက ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စွန့်ပစ်အမှိုက်များအား သိမ်းဆည်းရှင်းလင်းထုပ်ပိုး ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ စွန့်ပစ်အမှိုက်မျိုးစုံတို့ကို အစို အခြောက်အိတ် သီးခြားစွန့်ပစ်ရေးနှင့် သတ်မှတ်ရက်များ၌သာ စည်းကမ်းတကျစွန့်ပစ်မှုများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများက မြို့နယ် ရပ်ကွက်များအတွင်းရှိ အစိုအခြောက်အမှိုက်များ စုပုံများပြားလျက်ရှိကြောင်း၊ မြို့တော်တွင် သန့်ရှင်းရေးကို ရှေးရှု၍ တာဝန်သိစွာ သတင်းပေးပို့ အသိပေးပါက အချိန်အခါမရွေး အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း ဟောပြောပြီး အမှိုက်အိတ်ဖြင့် စနစ်တကျအမှိုက်စွန့်ပစ်ရေးကိုလည်း ပြည်သူများ ကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်ရန် ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့ကြကြောင်း သိရှိရသည်။ (ဝ၂၅)

## ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်သို့ အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ရွာ မင်္ဂလာကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိ (မြို့နယ်သံဃနာယက အကျိုးတော်ဆောင်)က ဦးဆောင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပညာတော်သင် ပြည်ပရှင်သာမဏေများ ရဟန်းခံအလှူတော်မင်္ဂလာအတွက် အလှူငွေ ပေးအပ်ပွဲကို မေ ၁၆ ရက် ညနေ ၅ နာရီ က အဆိုပါကျောင်း စာသင်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဦးမိုးခိုင်ထွန်း(ဦးစီးအရာရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ရုံးချုပ် နေပြည်တော်)- ဒေါ်မိုးသီတာထွန်း မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ အမေရိကန်ဒေါ်လာ ၅၀၀ကို ပေးအပ်လှူဒါန်းရာ အလှူတော် မင်္ဂလာကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်လေး (ခရိုင်သာသနာ့နုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (ဝ၄၉)



## မြို့နယ်စာရေးဆရာအသင်း ညောင်တုန်း၌ဖွဲ့စည်း

ညောင်တုန်း မေ ၂၁

ညောင်တုန်းမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်းရေး မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ မေ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးမျိုးမင်းက အမှာစကားပြောကြားပြီး ညောင်တုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အသင်းဝင် ဦးညွန့်ဗိုလ်(နန္ဒ-အောင်လံ)က ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော စာရေးဆရာအသင်းဝင်များက နာယက ဦးမောင်အေး (မောင်အေး-ညောင်တုန်း)၊ ဥက္ကဋ္ဌ ဦးတင်ရွှေ (မောင်နေလင်း-ပန်းလှိုင်မြေ)၊ အတွင်းရေးမှူး ဦးညွန့်ဗိုလ် (နန္ဒ - အောင်လံ)၊ ဘဏ္ဍာရေးမှူး ဦးမျိုးဆွေ (မောင်ရဲမွန်- ညောင်တုန်း) နှင့် ညီလာခံကိုယ်စားလှယ် အဖြစ် ဦးတင်ရွှေ (မောင်နေလင်း-ပန်းလှိုင်မြေ)ကို အများသဘောတူ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရှိရသည်။ (ဝ၈၂)

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြော

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဥပဒေအရာရှိတို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆိုင်ရာများကို ရှင်းလင်းဟောပြောကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

## ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းများ မင်းလှမြို့နယ်၌ စိုက်ပျိုးရန်ပြင်ဆင်

မင်းလှ မေ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရွှေဝါမြိုင်သစ်တောပျိုးဥယျာဉ်တွင် မေ၁၆ရက်က မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ကျော်ထွေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု ကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းတည်ထောင်ခြင်း၏ အကျိုးကျေးဇူးအကြောင်းဟောပြောသည်။ **(အောက်ပုံ)**

ထို့အပြင် ၂၀၁၂-၂၀၁၃ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးမည့် ရွှေဝါမြိုင်ကျေးရွာပိုင် မြေကွက်၌ မြေနေရာရှင်းလင်းခြင်း၊ ပန္နက်ရိုက်ခြင်း၊ မြေကျင်းတူးခြင်းလုပ်ငန်းများကို မင်းလှမြို့နယ်သစ်တောဝန်ထမ်းများက ဆောင်ရွက်ကြသည်။ မင်းလှမြို့နယ်အနေဖြင့် ယခုနှစ်မိုးရာသီတွင် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀ တို့ဖြင့် အပင်ပေါင်း ၆၆၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သစ်တောဦးစီးဌာန)**



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၅-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၅ တရားတော်
- ၇း၁၅ ဓမ္မပူဇာတေး
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၅ ဇာတ်လမ်းတို

**ညပိုင်း**

- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၁၇)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - နိုင်ငံတကာသတင်း
  - မိုးလေဝသသတင်း
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမလွန်မှပြောသောစကား** (အပိုင်း-၂၄) **(ဇာတ်သိမ်းပိုင်း)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

22-5 (02).pmd 1 5/22/2012, 3:05 AM

✻ ရှေ့ဖုံးမှ

ရှေးဦးစွာ ဝက်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံသစ်အား ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်၊ ရှေ့နေချုပ်(အငြိမ်းစား) ဦးအေးမောင်နှင့် မက်စ်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ဆက်လက်၍ ဝက်ချောင်းကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများကိုယ်စား အငြိမ်းစားရှေ့နေချုပ် ဦးအေးမောင်က အမှာစကား ပြောကြားသည်။ ထို့နောက် မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းအတွက် အလှူငွေကျပ် သိန်း ၄၃၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်က လက်ခံသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်ပြီး တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အငြိမ်းစားရှေ့နေချုပ် ဦးအေးမောင်-ဒေါ်ခင်မြမြမိသားစုက အလှူငွေကျပ် ၁၂၈ သိန်း၊ မက်စ်မြန်မာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်က အလှူငွေကျပ်သိန်း ၁၀၀၊ ဒေါ်အင်စိန်မိသားစုက အလှူငွေကျပ် သိန်း ၁၀၀၊ ဒေါ်မြကျင်မိသားစုက အလှူငွေကျပ် ၂၅ သိန်း၊ ဦးအောင်ပန်း-ဒေါ်ခင်စိန်မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးခင်မြ-ဒေါ်လှမိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးမောင်မောင်ထွန်းမိသားစုက အလှူငွေကျပ် လေးသိန်း၊ ဒေါ်ငွေရှင်မိသားစုက အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက လက်ခံသည်။

ယင်းနောက် ဝက်ချောင်းတိုက်နယ်ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်မက်စ်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌက ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား ဝက်ချောင်းကျေးရွာမှ ဦးသောင်းမြင့်က ဆေးရုံဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဝက်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာရှိ မြေဧရိယာ ၅ ဒသမ ၄၆ ဧကပေါ်တွင် ကျန်းမာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၇၀၀၊ မက်စ်မြန်မာကုမ္ပဏီမှ လှူဒါန်းငွေကျပ် သိန်း ၄၃၀၀ ဖြင့် တည်ဆောက်ထားကြောင်း၊ ဆေးရုံတွင် သံကူကွန်ကရစ် တစ်ထပ်ဆောင်များဖြင့် တည်ဆောက်ထားပြီး (၁၂၈ × ၁၁၆ × ၁၂)ပေရှိ ဆေးရုံပင်မဆောင် တစ်ဆောင်၊ (၄၁ × ၃၀ × ၁၂)ပေရှိ (၆)ခုတင်ဆံ့ သံဃာဆောင် တစ်ဆောင်၊ (၄၂ × ၃၄ × ၁၂)ပေရှိ ဆရာဝန်နေအိမ် တစ်လုံး၊ (၁၆၀× ၃၃ × ၁၂)ပေရှိ ရှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး၊ (၆၀ × ၃၅ × ၁၂)ပေရှိ ငါးခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံးတို့ပါရှိကြောင်း သိရှိရသည်။

အဆိုပါ ဝက်ချောင်းကျေးရွာသည် ကျောင်းကုန်းမြို့မှ ၁၀ မိုင်၊ ကျုံပျော်မြို့သို့ ၁၄ မိုင်ခန့်ကွာဝေးပြီး မိုးရာသီတွင် ရေလမ်းခရီးကိုသာ အားထားရသဖြင့် ဒေသရှိ ပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများရှိခဲ့ကြောင်း၊ ယခုကဲ့သို့ တိုက်နယ်ဆေးရုံဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဝက်ချောင်း၊ အစုကြီး၊ ပေါက်ဆိန်ဖက်၊ ရွာသာကုန်း စသည့် ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာ ၅၆ ရွာနေ ကျေးလက်ပြည်သူ ၃၄၀၇၇ ဦး အတွက်သာမက ကျုံပျော်မြို့နယ်အတွင်းရှိ သဖန်းချောင်း၊ မိုးကြိုးပစ်၊ ဓနော်၊ အိုင်မအစရှိသည့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာခွဲ ၄၉ ရွာနေ ကျေးလက်ပြည်သူ ၈၁၃၈၇ ဦးအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် (၁၄၈၆)ကြိမ်မြောက် တမန်တော်နေ့အထိမ်းအမှတ်ဂုဏ်ပြုပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# (၁၄၈၆)ကြိမ်မြောက် တမန်တော်နေ့ အထိမ်းအမှတ်ဂုဏ်ပြုပွဲကျင်းပ
# ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြား

**ရန်ကုန် မေ ၂၁**

(၁၄၈၆)ကြိမ်မြောက် တမန်တော်နေ့အထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တမန်တော်နေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး (၁၄၈၆)ကြိမ်မြောက် တမန်တော်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဟာဂျီ ဗိုလ်မှူးတင်မောင်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားပြီး တမန်တော်နေ့ကျင်းပရေး ဗဟိုကော်မတီ ဦးစီးနာယကနှင့် တာဝန်ရှိသူများက ဂုဏ်ပြုစကားပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဧပြီ ၁၀ ရက်တွင် ရထားတိုက်မည့်အန္တရာယ်မှ မြေးအဘွားနှစ်ဦးအား အသက်စွန့်ကယ်တင်ခဲ့သည့် မြန်မာ့မီးရထားမှ လက်ထောက်စက်ခေါင်းမှူး-၁ ဦးဌေးနိုင်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

အဆိုပါ Garden Guest House ၌ အခန်းပေါင်း ၄၀ ရှိပြီး တစ်ညလျှင် တစ်ယောက်အိပ်ခန်း ၂၆ ခန်း၌ ပြည်တွင်းဧည့်ငွေကျပ် ၆၀၀၀/၈၀၀၀၊ ပြည်ပဧည့် အမေရိကန် ၁၀/၁၅ ဒေါ်လာ၊ နှစ်ယောက်အိပ်ခန်း ၁၄ ခန်း၌ ပြည်တွင်းဧည့် ငွေကျပ် ၁၂၀၀၀/၁၅၀၀၀၊ ပြည်ပဧည့် အမေရိကန် ၁၈/၂၅ ဒေါ်လာဖြင့် တည်းခိုနိုင်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၃၂)လမ်း (အောက်လမ်း)ရှိ Okinawa Guest House သို့ရောက်ရှိပြီး အိပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ Okinawa Guest House ၌ နှစ်ယောက်ခန်း ခြောက်ခန်းရှိပြီး ပြည်ပဧည့်သည်များ တစ်ညလျှင် အမေရိကန် ၂၅ ဒေါ်လာဖြင့် တည်းခိုနိုင်ကြောင်း သိရှိရသည်။

နိုင်ငံခြားသားခရီးသွားများ လွယ်ကူအဆင်ပြေစွာ တည်းခိုသွားလာနိုင်ရေး၊ ရန်ကုန်၊ မန္တလေး၊ ပုဂံနှင့် အင်းလေးဒေသများ၌ ဟိုတယ်များ လုံလောက်စွာဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဟိုတယ်ဖွင့်လှစ်လိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများအားလည်း လိုအပ်သည့် အကူအညီများပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်လျက်ရှိသော ဟိုတယ်၊ မိုတယ်နှင့် အင်းပေါင်း ၁၉၀ ရှိပြီး အိပ်ခန်းပေါင်း ၈၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။ ထို့အပြင် နိုင်ငံခြား ခရီးသွားများ သင့်တင့်လျောက်ပတ်သော ကုန်ကျငွေဖြင့် သက်သက်သာသာ တည်းခိုနိုင်သော လိုင်စင်ရဟိုတယ်ပေါင်း ရန်ကုန်မြို့လယ်နှင့် ဆင်ခြေဖုံးတစ်ဝိုက်၌ ၁၄၀ ခန့်ရှိပြီး အိပ်ခန်းပေါင်း ၁၅၀၀ ခန့်ရှိကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညနေ ၃ နာရီတွင် လမ်းမတော်မြို့နယ်ရှိ ပန်ဒါဟိုတယ်၌ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ လုပ်ငန်းလိုင်စင်ရ အလတ်စားနှင့် အသေးစား ရန်ကုန်ဟိုတယ်ဇုန် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် တစ်နှစ်တာကာလအတွင်း လျင်မြန်စွာ ပြောင်းလဲလာမှုများကြောင့် ပြည်ပဧည့်သည်များ ဝင်ထွက်မှုများပြားလာကြောင်း၊ ယခင်ကခရီးသွားအားနည်းခဲ့သော်လည်း ယခုအခါ ခရီးသွားများ များပြားလာကြောင်း။

မြန်မာနိုင်ငံသို့ နေ့စဉ် ပြည်ပခရီးသွား ၁၅၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ၁၀၀၀ ခန့်မှာ ဟိုတယ်များ၌ တည်းခိုနေကြောင်း၊ ရန်ကုန်မြို့ရှိ ဟိုတယ်များ၌ အခန်းပေါင်း ၈၀၀၀ ခန့်ရှိကြောင်း၊ ကြယ်သုံးပွင့်အောက် ဟိုတယ်များက ဝိုင်းဝန်းပံ့ပိုးပါက မိမိစီးပွားလည်းအဆင်ပြေ ခရီးသွားများလည်း လွယ်ကူသက်သာစွာ တည်းခိုနိုင်မည်ဖြစ်ကြောင်း။

ဟိုတယ်နှင့် တည်းခိုခန်းများက တည်းခိုခ အဆမတန်တောင်းခံခြင်းဖြင့် မိမိနိုင်ငံ၏ဂုဏ်ကို မထိခိုက်စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ကြောင်း၊ အိမ်သာ၍ ဧည့်လာခြင်းဖြစ်ရာ အချိန်အခါအရ ရသည့်အခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး မိမိအကျိုးစီးပွားအတွက်ရော နိုင်ငံတော်အကျိုးအတွက်ပါ ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ရာဖေးလ်နာဒယ်က ယင်းပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်ကို ၇-၅၊ ၆-၃ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ယင်းဖလားသည် ရာဖေးလ်နာဒယ်အတွက် ခြောက်လုံးမြောက် ရောမမာစတာဖလားဖြစ်သည်။

စပိန် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်က ပြီးခဲ့သောနှစ် ရောမမာစတာဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်ကို ရှုံးနိမ့်ခဲ့ခြင်းအပေါ် ပြန်လည်ရှုံးကြွေးဆပ်လိုက်ခြင်းလည်း ဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ယင်းပွဲ အနိုင်ရလိုက်သဖြင့် ကမ္ဘာ့နံပါတ် ၂ တင်းနစ်ကစားသမားနေရာသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။ **(အင်တာနက်)**

# ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး
# ထိထိရောက်ရောက်ပြောင်းလဲတိုးတက်မည့် အစီအမံများဆောင်ရွက်

**နေပြည်တော် မေ ၂၁**

မန္တလေးတိုင်းဒေသကြီး၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မွန်မြတ်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း
# နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မြင်းမူ မေ ၂၁**

မြင်းမူမြို့ မွန်မြတ်အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီက မင်္ဂလာကျောင်းဓမ္မာရုံ၌ကျင်းပရာ အသင်းသား ၄၃၇ ဦး တက်ရောက်သည်။ အစည်းအဝေးတွင် သဘာပတိဦးရွှေမန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သိန်းတို့က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးမြသိန်းက အမှုဆောင်အဖွဲ့အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးတင့်က ရှေ့လုပ်ငန်းစဉ်များကို တင်ပြအတည်ပြုချက်ရယူသည်။ ထို့နောက် ချေးငွေများပြန်လည်ပေးဆပ်ရာတွင် ပျက်ကွက်မှုလုံးဝမရှိသော အသင်းသား ၁၀၂ ဦးအား အသင်းဥက္ကဋ္ဌက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (၀၇၉)**

▲ ကျောဖုံးမှ

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် မိုးရာသီကာလတွင် အများဆုံး ၁၅၆၀ မဂ္ဂါဝပ်သာ အသုံးပြုသဖြင့် ထုတ်လုပ်ပေးမှုသည် သုံးစွဲမှုထက် ပိုမိုနေခြင်းကြောင့် အများပြည်သူ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများအားလုံးကို လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

သို့သော်လည်း နွေရာသီကာလတွင် ပူပြင်းသောရာသီဥတုကြောင့် ဒေသအသီးသီးတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် မိုးတွင်းကာလထက် ပိုမိုများပြားလျက်ရှိရာ အများဆုံးသုံးစွဲမှုမှာ ၁၈၅၀ မဂ္ဂါဝပ်အထိရှိပြီး နွေရာသီကာလတွင် အများဆုံး ထုတ်လုပ်နိုင်သည့် ၁၃၄၀ မဂ္ဂါဝပ်ထက် များပြားနေသဖြင့် အများပြည်သူနှင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများအား ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခြင်းမရှိတော့၍ အများပြည်သူများအား (၃)အုပ်စုခွဲကာ အုပ်စုလိုက် အလှည့်ကျဓာတ်အားပေးခြင်းကို ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ဆောင်ရွက်နေစဉ် ၁၉-၅-၂၀၁၂ ရက်နေ့တွင် ရွှေလီ-မန်စံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၏ တိုင်အမှတ်(၇၃၊ ၂၀၆၊ ၂၀၇ နှင့် ၂၀၈)တိုင် လေးတိုင်တို့မှာ မိုင်းခွဲ အချိုးခံခဲ့ရပါသည်။ အဆိုပါ ဓာတ်အားလိုင်း မိုင်းခွဲခံရခြင်းကြောင့် ရွှေလီ ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်နေသော ဓာတ်အားပမာဏ ၂၀၀ မဂ္ဂါဝပ်မှာ လျော့နည်းဆုံးရှုံးခဲ့ရပါသည်။

အဆိုပါ ဓာတ်အားပမာဏ ၂၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းသွားသဖြင့် နိုင်ငံအတွင်း ဓာတ်အားပေးနိုင်မှုမှာ ၁၁၀၀ မဂ္ဂါဝပ်ခန့်သာ ကျန်ရှိတော့သည့်အတွက် နိုင်ငံပိုင် သံမဏိစက်ရုံများ၊ ဘိလပ်မြေစက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ ဓာတ်အားသုံးစွဲမှု ၅၀၀ မဂ္ဂါဝပ်ခန့်ကို ဓာတ်အားဖြတ်တောက်ထားပြီး အများပြည်သူကိုသာ ဦးစားပေး၍ ဓာတ်အားပေးလျက်ရှိပါသည်။

နွေရာသီ၌ ဓာတ်အားလုံလောက်စေရေးအတွက် ရေတိုစီမံချက်အဖြစ် ဓာတ်အားပေးစက်များ တည်ဆောက်နိုင်ရန် အမေရိကန်နိုင်ငံမှ General Electric ကုမ္ပဏီ၊ Caterpillar ကုမ္ပဏီတို့နှင့် ပူပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရေရှည်စီမံချက်အနေဖြင့် ရန်ကုန်မြို့အနီး၌ ဂျပန်နိုင်ငံ J-Power ကုမ္ပဏီနှင့် ဖက်စပ်ပြုလုပ်၍ ၆၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ BKB ကုမ္ပဏီနှင့် ပူးပေါင်း၍ ၅၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကိုလည်းကောင်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်လျက်ရှိပါသည်။

၎င်းနွေရာသီ၌ ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းနေခြင်းကြောင့် ပြည်သူလူထုအား အုပ်စုသုံးစုခွဲ၍ အလှည့်ကျဓာတ်အားမျှဝေပေးနေရသော အခြေအနေကို နားလည်ပေးပါရန်နှင့် ပြည်သူအားလုံး လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲခြင်းဖြင့် ပူးပေါင်းပါဝင်ပေးပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

မိုးမြင့်လင်းလက် - စုစည်းသည်



# အာဖဂန်၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွား ၁၉ ဦးသေဆုံး၊ နေအိမ်များ ရေနစ်မြုပ်

**ကဘူးလ် မေ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်မြောက်ပိုင်း ကီလိုမီတာ ၃၅၀ ခန့်အကွာ ဆာရီပူလ်ပြည်နယ်တွင် မေ ၂၁ ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံ ၁၉ ဦး သေဆုံးခဲ့ကြောင်း အာဖဂန်အရာရှိများက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဆာရီပူလ်ပြည်နယ် မြို့တော်ဆာရီပူလ်မြို့တွင် လမ်းများပေါ်ရေဖုံးလွှမ်းလျက်ရှိပြီး နေအိမ်အများအပြား ရေနစ်မြုပ်လျက်ရှိသည်။ ကယ်ဆယ်ရေးအဖွဲ့များက အရေးပေါ်ကယ်ဆယ်ရေးလှေငယ်များဖြင့် အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ခြောက်ဦးပျောက်ဆုံးလျက်ရှိပြီး ခုနစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။ ဆာရီပူလ်ပြည်နယ် နေရာဒေသအချို့တွင် မိုးသည်းထန်စွာဆက်လက်ရွာသွန်းနေဆဲပင်ဖြစ်သည်။ ဘာလက်၊ ကန်ဒဟ်၏ တာခါနှင့် ဘက်လန်ဒေသများတွင် ရေလွှမ်းမှုကြောင့် ဒေသခံအများအပြား အိုးမဲ့အိမ်မဲ့ဖြစ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

# ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် တဖြည်းဖြည်းမြင့်တက်လာ

**ပါရီ မေ ၂၁**

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် တဖြည်းဖြည်းမြင့်တက်လာမှုမှာ စိုးရိမ်ဖွယ်ရာဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းဝန်းဖြေရှင်းကြရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း ပြင်သစ်နှင့် ဂျပန်သုတေသနပညာရှင်များက မေ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၁၉၆၁ ခုနှစ်မှ စတင်ကာ နှစ်စဉ် ၁ ဒသမ ၈ မီလီလီတာ သို့မဟုတ် ဝ ဒသမ ဝ၇ လက်မ မြင့်တက်လာလျက်ရှိသည်ဟု ၎င်းတို့ပြုစုထားသော သုတေသနမှတ်တမ်းများ၌ ဖော်ပြထားသည်။ **(ယာပုံ)**



ကမ္ဘာကြီးပူနွေးလာမှုကိုလျှော့ချရန် ကမ္ဘာ့နိုင်ငံအများအပြားက သဘောတူညီခဲ့ကြသော်လည်း လက်တွေ့၌ ထိရောက်စွာအကောင်အထည်ဖော်မှု နှောင့်နှေးနေဆဲပင်ဖြစ်သည်။ ကမ္ဘာ့သုတေသနပညာရှင်များ ယခင်ကမျှော်မှန်းခဲ့သည်မှာ နှစ်စဉ် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုမှာ ဝ ဒသမ ဝ၄ လက်မခန့်သာရှိမည်ဟု မျှော်လင့်ထားခဲ့သော်လည်း ယခုအခါ ပင်လယ်ရေမျက်နှာပြင်တိုးမြင့်မှုနှုန်း မြန်ဆန်ကာ ဝ ဒသမ ဝ၇ လက်မအထိရှိလာခဲ့သဖြင့် စိုးရိမ်ပူပန်မှုဖြစ်စေခဲ့ခြင်းဖြစ်သည်။ တောင်ပေါ်ရေခဲပြင်များ၊ ဝင်ရိုးစွန်းဒေသမှ ရေခဲပြင်များမှာ လျင်မြန်စွာ အရည်ပျော်စီးဆင်းလာပြီး ကမ္ဘာ့ပင်လယ်အတွင်းသို့ စီးဝင်မှုကြောင့် ပင်လယ်ရေပြင်မြင့်တက်လာခြင်းဖြစ်သည်။

ယခုရာစုနှစ်အကုန်တွင် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ၂၃ လက်မထပ်မံမြင့်တက်လာမည်ဟု သုတေသနပညာရှင်များက ခန့်မှန်းထားသည်။ သို့သော် ဂရင်းလန်းနှင့် အန္တာတိကဒေသများတွင် ရေခဲပြင်များ အရည်ပျော်မှုနှုန်း ပိုမိုမြန်ဆန်လာမှုကြောင့် လာမည့် ၂၁၀၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ယခုထက် ၅ ဒသမ ၃ ပေခန့် မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

# ဧဝရက်တောင်ထိပ်သို့ တက်ရောက်နေသော တောင်ကိုရီးယား တောင်တက်သမားတစ်ဦး ပျောက်ဆုံးနေ

**ဆိုးလ် မေ ၂၁**

ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ဖြစ်သည့် ဧဝရက်တောင်ပေါ်သို့ တက်ရောက်ရန်ကြိုးစားနေသည့် တောင်ကိုရီးယားတောင်တက်သမားတစ်ဦး ပျောက်ဆုံးနေကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ မေ ၂၁ ရက်က သတင်းထုတ်ပြန်သည်။

**တက်ရောက်ခဲ့**

တောင်ကိုရီးယားနိုင်ငံသား အသက် ၄၄ နှစ်အရွယ်ရှိ ဆန်ဝမ်ဘင်သည် အခြားတောင်တက်သမားခုနစ်ဦးနှင့်အတူ ဧဝရက်တောင်ပေါ်တက်ရောက်စဉ် စခန်းချရာအရပ်သို့ ရောက်ရှိမလာဘဲ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ အဆိုပါတောင်တက်အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ ဒေဂျွန်မြို့လယ်ရှိ အထက်တန်းကျောင်း၏ နှစ် (၅၀) မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဧဝရက်တောင်ထိပ်သို့ တောင်တက်အုပ်စုများခွဲကာ တက်ရောက်ခဲ့ကြသည့် အဖွဲ့ဖြစ်သည်။

၂၉၀၂၉ ပေမြင့်သော ဧဝရက်တောင်ထိပ်သို့တက်ရောက်ပြီး အချို့တောင်တက်အဖွဲ့များမှာ ပြန်ဆင်းလာခဲ့ပြီဖြစ်သော်လည်း ၎င်းတို့အဖွဲ့မှ ဆန်ဝမ်ဘင်မှာ ပျောက်ဆုံးနေခြင်းဖြစ်သည်။ ယခုအခါ ဆန်ဝမ်ဘင်အား ရှာဖွေမှုများပြုလုပ်လျက်ရှိပြီး နီပေါအာဏာပိုင်များကိုလည်း အကူအညီတောင်းထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



# နျူကလီးယားဒုံးပျံစမ်းသပ်ရန် ပါကစ္စတန်စီစဉ်လျက်ရှိ

**အစ္စလမ္မာဘတ် မေ ၂၁**

ပါကစ္စတန်နိုင်ငံက နျူကလီးယားထိပ်ဖူးနှင့် သမားရိုးကျထိပ်ဖူးများသယ်ဆောင်နိုင်သည့် တာတိုဒုံးပျံတစ်ခုကို စမ်းသပ်ပစ်လွှတ်ရန်စီစဉ်နေသည်ဟု မီဒီယာသတင်းများတွင် ဖော်ပြပါရှိသည်။ **(ဝဲပုံ)**

အဆိုပါဒုံးပျံသည် မိုင် ၁၁၀အထိဝေးသည့်ပစ်မှတ်ကိုပစ်နိုင်သော နျူကလီးယားထိပ်ဖူးနှင့်သမားရိုးကျဖောက်ခွဲအားပြင်းသည့် ထိပ်ဖူးများပါသယ်ဆောင်နိုင်သည်ဆို၏။ ဤအကြိမ်ဒုံးပျံစမ်းသပ်မှုမှာ မကြာသေးမီကာလအတွင်း ပါကစ္စတန်နိုင်ငံအနေဖြင့် တတိယမြောက် ဒုံးပျံစမ်းသပ်ပစ်လွှတ်မှုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# မက္ကဆီကိုအလယ်ပိုင်းတွင် သတင်းထောက်တစ်ဦး ကားအတွင်း၌ သေဆုံးနေ

**မက္ကဆီကိုစီးတီး မေ ၂၁**

မက္ကဆီကိုနိုင်ငံအလယ်ပိုင်းတစ်နေရာ၌ မက္ကဆီကို သတင်းထောက် အော်တာဆာဂေးဒိုး၏အလောင်းကို ၎င်း၏ကားအတွင်းမှတွေ့ရသည်ဟု သတင်းတွင် ဖော်ပြထားသည်။

မက္ကဆီကိုစီးတီးမှ ကီလိုမီတာ ၉၀ အကွာ မိုရီလော့ပြည်နယ်မြို့တော် ကွာနာဗာကာမြို့အတွင်းမှ တွေ့ရှိသည့် သတင်းထောက်အော်တာဆာဂေးဒိုး၏အလောင်းကို မျက်နှာသုတ်လက်ကိုင်ပဝါအုပ်လျက်တွေ့ရကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သတင်းထောက်၏ မော်တော်ကားအတွင်း အပြင်တို့တွင် လက်နက်ဒဏ်ရာ၊ သေဆုံးသူ၏ သွေးစသွေးနနှင့် အကြမ်းဖက်ခံရသည့် လက္ခဏာများမတွေ့ရဟုဆိုသည်။ မည်သည့်အတွက် သေဆုံးရခြင်းဖြစ်ကြောင်းသိရှိနိုင်ရန် အလောင်းကို ခွဲစိတ်စစ်ဆေးမည်ဟု ဆိုသည်။ **(အင်တာနက်)**

# အနောက်ဘက်ကမ်းအစ္စရေးလူနေရပ်ကွက် အဆင့်နှစ်ဆင့်ဖြင့် တိုးချဲ့အကောင်အထည်ဖော်မည်

**အေရီယယ် မေ ၂၁**

တရားမဝင်အိမ်ရာဆောက်မှုများရပ်ရန် နိုင်ငံတကာက တိုက်တွန်းနေသည့်ကြားမှပင် အသိမ်းပိုက်ခံ အနောက်ဘက်ကမ်းတွင် **(ယာပုံ)** အစ္စရေးနိုင်ငံက အခြေချနေထိုင်သည့် ရပ်ကွက်ထူထောင်ရေးစီမံကိန်းများကို တိုးချဲ့ရန်စီစဉ်လျက်ရှိသည်။



**ကြေညာ**

အိုးအိမ် ၂၁၀၀ ပါသည့် စီမံကိန်းသစ်ကို အေရီယယ်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပါလက်စတိုင်းဝါဖာသတင်းဌာနက မေ ၂၀ ရက်တွင် ကြေညာသည်။

အနောက်ဘက်ကမ်း ကာကီလီယာနှင့် တူကာရင်အုပ်ချုပ်ရေးဒေသများတွင် နေအိမ်များတည်ဆောက်မည့် တိုးချဲ့စီမံကိန်းကို အဆင့်နှစ်ဆင့်ထား၍ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၁-၅-၂၀၁၂

တင်မောင်လွင် - စုစည်းသည်

### ဂျပန်နိုင်ငံတွင် မီးကွင်းသဏ္ဌာန်နေကြတ်မှုမြင်ကွင်း လူအများအပြားစောင့်ကြည့်လေ့လာခဲ့ကြ

*ဂျပန်နိုင်ငံတွင် ဖြတ်သန်းသွားသည့် မီးကွင်းသဖွယ် နေကြတ်မှုမြင်ကွင်းကို မေ ၂၁ ရက် နံနက်ပိုင်းက တိုကျို၊ နာဂိုယာနှင့် အိုဆာကာမြို့တို့၌ လူအများစောင့်ကြည့်လေ့လာခဲ့ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ (အောက်ပုံ)*



*အဆိုပါ မီးကွင်းသဖွယ်နေကြတ်မှုသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့ရှိ ပစိဖိတ်ကမ်းခြေပေါ်တွင် တွေ့မြင်ခဲ့ရပြီး ယင်းနေကြတ်မှုသည် လေးမိနစ်မှ ငါးမိနစ်ခန့်အချိန်အထိ ဆက်လက်ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ နေကြတ်မှုဖြစ်စဉ် အစိတ်အပိုင်းတစ်ခုသည် ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမား စီရင်စုတွင် ယင်းနေ့ နံနက် ၆ နာရီတွင် စတင်ဖြစ်ပေါ်ခဲ့ကြောင်း၊ တိုကျိုမြို့တွင် အဆိုပါမီးကွင်းသဖွယ်နေကြတ်မှုမြင်ကွင်းသည် ယင်းနေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်မှ ၇နာရီ ၃၂ မိနစ်ခန့်ဝန်းကျင်အထိ ဖြစ်ပေါ်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ ထုတ်ပြန်ချက်အရ သိရှိရသည်။ ယင်းကဲ့သို့နေကြတ်မှုကို ဂျပန်နိုင်ငံတွင် ၁၉၈၇ ခုနှစ်က အိုကီနာဝါစီရင်စုဒေသတွင် ပထမဆုံးအကြိမ်အဖြစ် မြင်တွေ့ခဲ့ကြရသည်။ နောက်ထပ် မီးကွင်းသဖွယ်နေကြတ်မှုမြင်ကွင်းကို ဂျပန်နိုင်ငံတွင် လာမည့် ၂၀၃၀ ၌ ဟော့ကိုင်းဒိုးစီရင်စုဒေသတွင် တွေ့မြင်ကြရဦးမည်ဖြစ်သည်။*

### ဘဂ္ဂဒက်၌ လုံခြုံရေးအရာရှိနှင့် မိသားစုဝင်လေးဦးပစ်သတ်ခံရ

*အီရတ်နိုင်ငံမြောက်ပိုင်း ဘဂ္ဂဒက်မြို့တွင် လက်နက်ကိုင်သမားများက လုံခြုံရေးအရာရှိတစ်ဦးနှင့် ၎င်း၏မိသားစုဝင်လေးဦးအား ပစ်သတ်သွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနရှိ သတင်းရပ်ကွက်တစ်ခုက မေ ၂၀ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ဖြစ်ပွားမှုမှာ မေ ၁၉ရက်ညက ဘဂ္ဂဒက်မြို့ရှိ ယင်းအရာရှိ၏ နေအိမ်အတွင်းသို့ လက်နက်ကိုင်များ တိတ်တဆိတ်ဝင်ရောက်လာကာ ၎င်းတို့တွင် ပါလာသည့် ပစ္စတိုသေနတ်များကိုအသုံးပြုပြီး အဆိုပါအရာရှိနှင့်အတူ သူ၏ဇနီးသည်နှင့် ကလေးသုံးဦးအား ပစ်သတ်သွားခြင်းဖြစ်ကြောင်း သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့များက အခင်းဖြစ်ပွားရာနေရာကို ပိတ်ဆို့မှုများပြုလုပ်ထားပြီး ဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။* **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

# ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်တို့၏ ဘဂ္ဂဒက်ဆွေးနွေးပွဲ အလားအလာကောင်း

## တိုး - ရေးသားသည်

**အမေရိကန်သမ္မတ၏ ဒေးဗစ်အပန်းဖြေစခန်း၌ ကျင်းပပြီးစီးသွားသည့် ကမ္ဘာ့စီးပွားရေးအင်အားကြီးရှစ်နိုင်ငံအုပ်စု (ဂျီ-၈)ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးသော အရေးပါသည့်ကိစ္စရပ်များအနက် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်သောကိစ္စသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။**

အီရန်သည် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အီရန်၏ နျူကလီးယားအစီအစဉ်မှာ အငြင်းပွားစရာလည်း ဖြစ်လျက်ရှိသည်။ အိုင်အေအီးအေ အကြီးအကဲ ယူကီယာအမာနိုသည် မျှော်လင့်ချက်ကြီးစွာဖြင့် ယခုအခါ အီရန်နိုင်ငံ တီဟီရန်မြို့သို့ ရောက်ရှိလာပြီ ဖြစ်သည်။ သူသည် အီရန်အဆင့်မြင့် ပုဂ္ဂိုလ်များနှင့်တွေ့ဆုံကာ နျူကလီးယားပြဿနာဆွေးနွေးရန်ရောက်ရှိလာခြင်း ဖြစ်သည်။



အီရန်သမ္မတ အမာဒီနီဂျက်။

### ကြိုတင်ရောက်ရှိ

အိုင်အေအီးအေ အကြီးအကဲ ယူကီယာအမာနိုသည် မေလ ၂၃ ရက်တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကျင်းပမည့် ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်တို့၏ ဆွေးနွေးပွဲမတိုင်မီ အီရန်တို့ ကြိုတင်ရောက်ရှိလာခြင်းဖြစ်သည်။ ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံမှာ အီရန်၏နျူကလီးယားအရေး ကိုင်တွယ်ဖြေရှင်းမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသည့် တရုတ်၊ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ရုရှားနှင့် ဂျာမနီနိုင်ငံတို့ ဖြစ်သည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက် ထုတ်လုပ်နေသည်ဟု အနောက်အုပ်စုနိုင်ငံများက ပြောဆိုနေကြပြီး အီရန်ကမူ ၎င်း၏နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းအတွက်သာ ဖြစ်ကြောင်း အနောက်အုပ်စု၏ စွပ်စွဲချက်ကို မဟုတ်မှန်ဟု ငြင်းဆိုခဲ့သည်။

ထို့ပြင် အီရန်က လေးနှစ်ကျော်မျှ အိုင်အေအီးအေ စစ်ဆေးရေးမှူးများကို သက်ဆိုင်ရာနေရာများ၊ အရာရှိများနှင့် အထောက်အထားများကို တွေ့ခွင့်ကြည့်ခွင့် မပေးခဲ့ဟုဆိုသည်။

**"ရှစ်နိုင်ငံ အုပ်စု(ဂျီ-၈) ခေါင်းဆောင်များက အီရန်နိုင်ငံ၏ ငြိမ်းချမ်းစွာ နျူကလီးယားအသုံးချမှု အခွင့်အရေးကိုလက်ခံကြကြောင်း" သမ္မတအိုဘားမားက အတိအလင်း ထုတ်ဖော်။**

အိုင်အေအီးအေ အကြီးအကဲ ယူကီယာအမာနိုက "ယခုအချိန်မှာ သဘောတူညီမှုရမည့် အချိန်အခါကောင်းဖြစ်သည်ဟု မိမိ အမှန်တကယ် ထင်မြင်ကြောင်း၊ ဤခရီးကို အပြုသဘောဖြင့် သွားရောက်မှာဖြစ်ကြောင်း" ဗီယင်နာလေဆိပ်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အိုင်အေအီးအေအကြီးအကဲသည် အီရန်နှင့် သဘောတူညီမှုရမည်ဟု ယုံကြည်မှသာ အီရန်သို့သွားရောက်ခြင်းဖြစ်မည်ဟု အနောက်အုပ်စု သံတမန်များက ဝေဖန်ပြောဆိုကြသည်။သို့သော် ပြီးခဲ့သည့် စေ့စပ်ဆွေးနွေးပွဲများမှာ အောင်မြင်မှု မရရှိခဲ့ပေ။ တီဟီရန်မြို့တောင်ဘက် ပါချင်ရှိ နျူကလီးယားစက်ရုံကို အိုင်အေအီးအေ စစ်ဆေးရေးမှူးများ ဝင်ရောက်စစ်ဆေးခွင့်ပြုရန် အိုင်အေ အီးအေ၏ မေတ္တာရပ်ခံချက်ကို ဖေဖော်ဝါရီလအတွင်းက အီရန်ငြင်းပယ်ခဲ့သည် မဟုတ်ပါလား။

### တက်ရောက်

မေ ၂၃ ရက်တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အီရန်နှင့်ဆွေးနွေးပွဲသို့ ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှား၊ အမေရိကန်နှင့် ဂျာမနီနိုင်ငံကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။ နျူကလီးယားလက်နက်ထုတ်လုပ်ရေးအတွက် အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်မှာ အရပ်ဘက်သုံးအတွက်သာ ဖြစ်ပါသည်ဟူ၍ ဖုံးကွယ်ကျိတ်ပုန်းခုတ်မည်ကို ၎င်းတို့က စိုးရိမ်လျက်ရှိကြသည်။ သို့မို့ကြောင့်လည်း အီရန်နိုင်ငံအား ဤကိစ္စတွင် အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂ၊ အမေရိကန်၊ အီးယူ၊ ကနေဒါ၊ ဂျပန်၊ သြစတြေးလျနိုင်ငံတို့က အီရန်အား တွန်းအားပေးသည့်အနေဖြင့် ပိတ်ဆို့ အရေးယူနေကြခြင်းဖြစ်သည်။ အီရန်အား ပိတ်ပင်အရေးယူနည်းများတွင် ရေနံရောင်းမှု၊ လက်နက်အရောင်းအဝယ်၊ ဘဏ္ဍာငွေကြေးပိတ်ပင်မှု၊ နည်းပညာပိတ်ပင်မှုများ ပါဝင်သည်။

မည်သို့ပင်ဖြစ်စေ နှစ်ဦးနှစ်ဖက် နားလည်မှုများရှိကြရန် အရေးကြီးသည်။ နားလည်မှုရရှိရေးအတွက် ပထမဆုံး ယုံကြည်မှုတည်ဆောက်ကြရမည်ဖြစ်သည်။ အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်တို့သည် ပထမအကြိမ် အလုံးစုံပြည့်စုံသည့် ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဧပြီ ၁၄ ရက်တွင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပခဲ့သည်။



အိုင်အေအီးအေအကြီးအကဲ ယူကီယာအမာနို မျှော်လင့်ချက်ကြီးစွာဖြင့် အီရန်နိုင်ငံ တီဟီရန်မြို့သို့ ရောက်ရှိလာရာ သတင်းထောက်များက မေးမြန်းစဉ်။

### ဆွေးနွေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ မေ ၂၃ ရက်တွင် ပြုလုပ်မည့် ဆွေးနွေးပွဲမှာ ဒုတိယအကြိမ် အလုံးစုံ ပြည့်စုံသည့် ဆွေးနွေးပွဲဖြစ်သည်။ ထို့အရင်လည်း နှစ်ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့ဖူးသည်။ တစ်ကြိမ်မှာ ဂျီနီဗာ၌ ၂၀၁၀ ခုနှစ် ဒီဇင်ဘာလဖြစ်ပြီး နောက်တစ်ကြိမ်မှာ အစ္စတန်ဘူလ်၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီလက ဖြစ်သည်။

### ထုတ်ဖော်

ယခုအခါ အိုင်အေအီးအေ အကြီးအကဲ ယူကီယာအမာနို၏ အပြုသဘောဆောင်သည့် အီရန်ခရီးနှင့်တကွ ဂျီ-၈ ထိပ်သီးအစည်းအဝေး၌ "ရှစ်နိုင်ငံ အုပ်စု (ဂျီ-၈) ခေါင်းဆောင်များက အီရန်နိုင်ငံ၏ ငြိမ်းချမ်းစွာ နျူကလီးယား အသုံးချမှု အခွင့်အရေးကို လက်ခံကြကြောင်း" အမေရိကန်သမ္မတ အိုဘားမားက အတိအလင်း ထုတ်ဖော်ပြောဆိုမှုတို့ကြောင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် အီရန်တို့၏ မေ ၂၃ ရက် ဘဂ္ဂဒက်ဆွေးနွေးပွဲ အောင်မြင်မည်ဟု မျှော်လင့်မိပါကြောင်း။ ။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင်-ရေးသည်



# အီရတ်နိုင်ငံအတွင်း ပုံးပေါက်ကွဲမှုများဖြစ်ပွား

**ဘဂ္ဂဒက် မေ ၂၁**

အီရတ်နိုင်ငံတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ မေ ၂၀ ရက်ကဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး ဒဏ်ရာရရှိသူများရှိခဲ့ကြောင်း ရဲဝန်ထမ်းများကပြောကြားသည်။

ဆာရာဟူဒင်ပြည်နယ်၏မြို့တော် တီကရစ်မြို့မြောက်ဘက်ရှိ ကွာဒီစီရက်ရှ်ခရိုင်အတွင်း၌ အရပ်သားတစ်ဦး၏ကားကို ဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်ပြီး ထိုသူသေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးရုံးမှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ပြောကြားသည်။

နောက်ထပ်ဗုံးကွဲမှုဖြစ်စဉ်မှာ ၎င်းခရိုင်အတွင်း၌ပင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ရဲကားတစ်စီးကို လမ်းဘေးဗုံးထောင်ဖောက်ခွဲခြင်းဖြစ်သည်။ **(အပေါ်ပုံ)** ထိုပေါက်ကွဲမှုတွင် ရဲဝန်ထမ်းနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဘဂ္ဂဒက်မြို့တော် မြောက်ဘက်ကီလိုမီတာ ၃၀ အကွာရှိ တာမီရက်ဒေသတွင်လည်း လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသဖြင့် အရပ်သားတစ်ဦးသေဆုံးကာ ဒဏ်ရာရသူအချို့ရှိခဲ့ကြောင်း ဒေသရှိရဲဝန်ထမ်းများကပြောကြားသည်။ ဆာရာဟူဒင်ပြည်နယ်၏မြို့တော် တီကရစ်သည် ဘဂ္ဂဒက်မြို့မှ မြောက်ဘက် ကီလိုမီတာ ၁၇၀ အကွာတွင်တည်ရှိပြီး ဆက်ဒမ်ဟူစိန်၏ မွေးရပ်မြေ မြို့ဖြစ်သည်။ **(အင်တာနက်)**

# တရုတ်နိုင်ငံတွင် ဘတ်စ်ကားနှစ်စီးတိုက်မှုဖြစ်ပွား၊ လူ ၃၀ ကျော်ဒဏ်ရာရ

**နန်နင်း မေ ၂၁**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း အဝေးပြေးလမ်းမတစ်နေရာ၌ မေ ၂၁ ရက် နံနက်ပိုင်းက ဘတ်စ်ကားနှစ်စီးတိုက်မှု ဖြစ်ပွားရာ **(ယာပုံ)** လူ ၃၀ ထက်မနည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဒေသရှိရဲဝန်ထမ်းများက ပြောကြားသည်။



### ပြင်းထန်

နန်ဒန်းစီရင်စုအတွင်း၌ နံနက်ခြောက်နာရီဝန်းကျင်တွင် ယာဉ်တိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ခရီးဝေးပြေးဆွဲသည့် ဘတ်စ်ကားနှစ်စီးတိုက်မိမှုကြောင့် ၃၀ ကျော် ဒဏ်ရာရကြောင်း၊ လေးဦးမှာ ဒဏ်ရာရရှိမှုပြင်းထန်ကြောင်း ဒေသရှိယာဉ်စည်းကမ်းထိန်းသိမ်းရေးအရာရှိ ဘေကျိုရွှန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရသူများအား ဒေသတွင်းဆေးရုံသို့ ကုသမှုခံယူရန် တင်ပို့ပေးထားကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းအကြောင်းကို ရဲဝန်ထမ်းများက စုံစမ်းလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**



# အာဖဂန်နစ္စတန်တောင်ပိုင်းတွင် အသေခံဗုံးခွဲမှုတစ်ရပ်ဖြစ်ပွား၊ ကိုးဦးသေဆုံး

**ကဘူးလ် မေ ၂၁**

အာဖဂန်နစ္စတန်တောင်ပိုင်းပြည်နယ် အုဂုဇန်ပြည်နယ် တီရန်ကို့မြို့အတွင်း၌ မေ ၂၀ ရက်က အသေခံဗုံးခွဲမှုတစ်ရပ်ဖြစ်ပွားရာ လူကိုးဦးသေဆုံးခဲ့သည်ဟု ရဲဌာန သတင်းရင်းမြစ်ကပြောကြားသည်။ **(ဝဲပုံ)**

တီရန်ကို့မြို့တွင်းရှိ ရဲဌာနဝင်ပေါက်အနီး ဗုံးတပ်ဆင်ထားသော အင်္ကျီဝတ်အကြမ်းဖက်သမားတစ်ဦးက အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း ဗုံးခွဲမှုအတွင်း ကလေးငယ်ခြောက်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲဌာန ပြောရေးဆိုခွင့်ရှိသူ ဖာရတ်အာလေးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယခုဗုံးဖောက်ခွဲမှုသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲဝန်းကျင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နေတိုးတပ်ဖွဲ့ဝင် အမေရိကန်စစ်သားသုံးဦး ပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ပြောကြားသည်။

ဒဏ်ရာရရှိသူ ကလေးခြောက်ဦးအား ပြည်နယ်ဆေးရုံသို့ ဆေးကုသမှုအတွက် တင်ပို့လိုက်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရာရှိ ဈေးဆိုင်ခန်းများနှင့်အိမ်များလည်း ပျက်စီးခဲ့ကြောင်း ဖာရတ်က ဆက်လက်ပြောကြားပြီး ယခုတိုက်ခိုက်မှုသည် တာလီဘန်တို့၏ လက်ချက်ဖြစ်သည်ဟု ပြစ်တင်ခဲ့သည်။ တာလီဘန်အုပ်စုတို့ ခို့စ်ပြည်နယ်အရှေ့ပိုင်းရှိ ရဲစစ်ဆေးရေးဂိတ်ကို မေ ၁၉ ရက်က အသေခံတိုက်ခိုက်ခဲ့ရာတွင်လည်း အရပ်သား ၁၀ ဦးနှင့် အာဖဂန်နစ္စတန်ရဲဝန်ထမ်းသုံးဦးတို့ သေဆုံးခဲ့ပြီး ဒဏ်ရာရသူခြောက်ဦးရှိခဲ့သည်။ **(အင်တာနက်)**

# မစ္စစ္စပီမြစ်အတွင်း ရေယာဉ်နှစ်စင်းတိုက်မှုဖြစ်ပွား၊ သေဆုံးသူလေးဦးတွေ့ရှိ

**နယူးယောက် မေ ၂၁**

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် မစ္စစ္စပီမြစ်အတွင်း ရေယာဉ်နှစ်စင်း မေ ၁၉ ရက်က တိုက်မိခဲ့ပြီးနောက် မေ ၂၀ ရက်တွင် ပျောက်ဆုံးနေသူ လေးဦး၏ ရုပ်အလောင်းများကို တိုက်မိခဲ့သည့်နေရာမှ ပေတစ်ရာပတ်လည်အတွင်း တွေ့ရှိကြောင်း အိုင်အိုဝါ သဘာဝအရင်းအမြစ်ဌာနက သတင်းထုတ်ပြန်သည်။

တွေ့ရှိသည့်သေဆုံးသူလေးဦးမှာ ယောကျ်ားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး အသက်နှစ်ဆယ်ဝန်းကျင်အရွယ်များဖြစ်ကြောင်း၊ သူတို့၏အမည်များကို မိသားစုဝင်များတားမြစ်မှုအရ ထုတ်ဖော်ပြောနိုင်ခြင်းမရှိကြောင်း အဆိုပါဌာနမှ အရာရှိတစ်ဦးဖြစ်သူ ပေါလ်ကေးကပြောကြားသည်။ ရေယာဉ်နှစ်စင်းတိုက်မှုဖြစ်ပွားခဲ့သည်မှာ မေ ၁၉ ရက် မွန်းလွဲ ၂ နာရီခန့်က ဖြစ်ပြီး အိုကော်နေးဆလော့ချ်နယ်မြေ မစ္စစ္စပီမြစ်အတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ တိုက်မိခဲ့သောရေယာဉ်နှစ်စင်းတွင် တစ်စင်း၌ လူ၁၁ ဦးလိုက်ပါခဲ့ပြီး အခြားကျန်တစ်စင်းတွင်မူ တစ်ဦးသာလိုက်ပါခဲ့ခြင်း ဖြစ်သည်။ တိုက်မှုဖြစ်ပွားပြီးလျှင်ပြီးချင်း ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် ရှစ်ဦးကိုသာ တွေ့ရှိကယ်ဆယ်နိုင်ခဲ့ပြီး တစ်ဦးသည် ဒဏ်ရာပြင်းထန်စွာရရှိထားသဖြင့် အိုင်အိုဝါမြို့ ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ **(အင်တာနက်)**

# အမှုအကျင့်ကောင်းများ အတွေးအခေါ်အယူအဆသစ်များဖြင့် ...

**ဖောင်သစ်ဆင်း**

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်သို့ အစိုးရသစ်၏ ဦးဆောင်မှုနှင့်အတူ အဖွဲ့အစည်းပေါင်းစုံ၊ အလွှာပေါင်းစုံပါဝင်သည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး လျှောက်လှမ်းလာခဲ့သည်မှာ တစ်နှစ်ကျော်လာပြီဖြစ်သည်။ တစ်နှစ်ကျော်လာသည်နှင့်အမျှ ကုလသမဂ္ဂအဖွဲ့အစည်းကြီး အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများကလည်း အသိအမှတ်ပြုလာခဲ့ကြသည်။

မှန်ကန်သော လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာနေပြီဟု ပြောဆိုလာခဲ့ကြသည်။ အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးလာခဲ့ကြသည်။ ရင်းနှီးမြှုပ်နှံမှုများလည်း မကြာမီရောက်ရှိလာကြတော့မည့်အချိန်ဖြစ်သည်။ ယခုလို အချိန်တွင် မိမိတို့ နိုင်ငံသားအားလုံး လူထုလူတန်းစားအားလုံး စည်းစည်းလုံးလုံးဖြင့် စည်းကမ်းရှိစွာ အစိုးရသစ်နှင့်အတူ လက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့အားလုံး စိတ်သစ်၊ လူသစ်ဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ခေတ်ဟောင်း၊ စနစ်ဟောင်းမှ အတွေးအခေါ်ဟောင်း၊ အယူအဆဟောင်းများကို ချန်ထားခဲ့ရတော့မည်။ ခေတ်သစ်၊ စနစ်သစ်နှင့်ကိုက်ညီမည့် အံဝင်ခွင်ကျဖြစ်မည့် အယူအဆ၊ အတွေးအခေါ်တို့ကို မွေးမြူ၍ ခံယူကျင့်သုံးရတော့မည်။ မိမိသည် ဝန်ထမ်းသက် (၁၈)နှစ်ကျော် ရှိပြီဖြစ်သည့် ပြည်သူ့ဝန်ထမ်းတစ်ဦးဖြစ်သည်။ လွန်ခဲ့သောတစ်နှစ်ကျော်က အစိုးရဝန်ထမ်းများဟု ခေါ်ဆိုနိုင်ပါသည်။ ယခုအစိုးရသစ်လက်ထက်တွင် မိမိတို့သည် ပြည်သူ့ဝန်ထမ်းဘဝဖြစ်လာပါပြီ။ ပြည်သူတို့က နိုင်ငံတော်သို့ပေးဆောင်သော အခွန်အခများဖြင့် လစာယူနေသည့် ဝန်ထမ်းများဖြစ်ကြ၍ ပြည်သူ့ဝန်ထမ်းများ ဖြစ်လာကြသည်။ ပြည်သူတို့၏ အကျိုးစီးပွားကိုဆောင်ရွက်ရမည့် ပြည်သူ့ဝန်ထမ်းများသာ ဖြစ်ကြရတော့မည်။

"မိမိတို့အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့ဆန္ဒ၊ ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေး ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတကြီးက မေလ ၁၂ ရက်နေ့တွင် ပြုလုပ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားခဲ့ပေပြီ။ နိုင်ငံတော်သမ္မတကြီး လမ်းညွှန်မှာကြားချက်ကို မိမိတို့ပြည်သူ့ဝန်ထမ်းများကလည်း နှလုံးသွင်း၍ နိုင်ငံတော်ယန္တရားပိုမိုသွက်လက်စွာ အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ဤနေရာတွင် မိမိတို့ပတ်ဝန်းကျင်၌ ပြောကြ၊ ဆိုကြ၊ ဝေဖန်သံများကို ကြားနေရပါသည်။ နိုင်ငံတော်ကိုပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော် ဆောင်ရွက်သည့်နေရာတွင် အပေါ်ပိုင်းမှသိသိသာသာပြောင်းလဲမှုများရှိသော်လည်း အောက်ခြေပိုင်းတွင် ပြည်သူလူထုနှင့်ဆက်ဆံသော ဌာနဆိုင်ရာများသည် ယခင် အစိုးရများလက်ထက်ကအတိုင်း ဆက်ဆံနေကြပြီး ပြောင်းလဲမှုမရှိကြောင်း၊ ဝေဖန်ပြောဆိုနေကြဆဲဖြစ်ပါသည်။ ထိုသို့သော ဝန်ထမ်းများသည် ပြည်သူနှင့်ဆက်ဆံရာတွင် အဆင်ပြေချောမွေ့စေရန် မူလရှိပြီး အတွေးအခေါ်၊ အယူအဆဟောင်းများကို ပြုပြင်ရတော့မှာဖြစ်ပါသည်။ ခေတ်သစ်၊ စနစ်သစ်နှင့်မလျော်ညီတော့သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း ပြင်ဆင် ပြောင်းလဲနေပြီဖြစ်သည့်အတွက် မူဝါဒသစ်များအတိုင်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါသည်။ ပြည်သူတို့ရဲ့ ဆန္ဒကို ဦးစားပေးရတော့မှာပါ။ ပြည်သူများကိုမိမိတို့က ယခင်ကအတိုင်း အစိုးရဝန်ထမ်းပဲဆိုကာ အပေါ်စီးမှ ဆက်ဆံ၍ မရတော့ပါ။ ယခုအချိန်သည် အစိုးရဝန်ထမ်းမဟုတ်တော့ဘဲ ပြည်သူ့ဝန်ထမ်းများဖြစ်ကြပါပြီ။ ပြည်သူတို့၏ အကျိုးကိုသာ ဦးစားပေးရတော့မှာ ဖြစ်ပါသည်။

ပြည်သူ့ဝန်ထမ်းနှင့် ပြည်သူ့အစိုးရတို့ ဟန်ချက်ညီညီဖြစ်ဖို့ လိုအပ်နေပါပြီ။ တကယ်တော့ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမှာပါ။ ပြည်သူ့ဝန်ထမ်းတွေဟာ အစိုးရက ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ အစိုးရယန္တရားတစ်ခုလုံးလည်ပတ်စေရန် မောင်းနှင်ရသည့် အလုပ်လုပ်ကြရသူတွေပါ။ ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင်သလို လုပ်လို့မရပါဘူး။ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းနှင့်အညီ နေထိုင်လုပ်ကိုင်ကြရပါမည်။

အစိုးရကအဆင့်ဆင့်သော စီမံခန့်ခွဲရေးနည်းလမ်းများနှင့် ဝန်ထမ်းအဖွဲ့အစည်းကို ထိန်းကျောင်းနေတာဖြစ်၍ အစိုးရကောင်းမှ ပြည်သူ့ဝန်ထမ်းတွေလည်း ကောင်းမှာပါ။ ပြည်သူ့ဝန်ထမ်းတွေဟာ ပြည်သူတွေနှင့် ထိတွေ့ဆက်ဆံနေကြရတာဖြစ်၍ ပြည်သူ့ဝန်ထမ်းတွေ ကောင်းမှလည်း ပြည်သူတွေကောင်းမှာပါ။ အစိုးရက တိုင်းပြည်ကိစ္စအဝဝကို စီမံခန့်ခွဲနေတာဖြစ်လို့ အစိုးရကောင်းမှ ပြည်သူ့ဝန်ထမ်းတွေရော၊ ပြည်သူများပါ ကောင်းကြမှာပါ။ ဒါကြောင့် နိုင်ငံကောင်းဖို့ဆိုရင် အားလုံးကောင်းမှဖြစ်မှာပါ။ အားလုံး ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဟန်ချက်ညီညီပေါ့။

တကယ်တော့ ယခုလို နိုင်ငံတော်အစိုးရသစ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အပြောင်းအလဲများ၊ ဆောင်ရွက်နေချိန်၌ ပြည်သူ့ဝန်ထမ်းများသည် မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်းများအား တာဝန်ခံနိုင်ပြီး ပြည်သူတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ကြရတော့မည် ဖြစ်ပါသည်။ ခေတ်စနစ်များ ပြောင်းလဲသွားသည်နှင့်အမျှ ခေတ်ဟောင်းစနစ်ဟောင်းမှ အတွေးအခေါ် အယူအဆများကို ပယ်ဖျက်ပြီး ခေတ်သစ်၊ စနစ်သစ်တွင် မိမိတာဝန်များကို စွမ်းရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်ကြရတော့မှာပါ။ လုပ်ငန်းများဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်မှန်မှန်ကန်ကန်ရှိစေရန် လိုအပ်ပြီး ဆောင်ရွက်သည့်လုပ်ငန်းများစွမ်းဆောင်ရည်မြင့်မားမှုရှိရမှာလည်း ဖြစ်ပါသည်။ ခေါက်ရိုးကျိုးနေပြီဖြစ်တဲ့ အမူအကျင့်ဟောင်းများကို မဖြစ်မနေ ပြန့်နေအောင် ပြင်ဆင်ရတော့မည် ဖြစ်သည်။

သို့ဖြစ်ရာ ခေတ်သစ်၊ စနစ်သစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် မိမိအပါအဝင် ပြည်သူ့ဝန်ထမ်းများအားလုံး တစ်ဦးချင်းပြုပြင်ပြောင်းလဲခြင်းမှသည် အားလုံးပြုပြင်ပြောင်းလဲခြင်းဆီသို့ မဖြစ်မနေ ပြင်ဆင်ပြောင်းလဲရင်း အမူအကျင့်ကောင်းများ အတွေးအခေါ်၊ အယူအဆသစ်များဖြင့်သာ မိဘပြည်သူများ၏ အကျိုးစီးပွားကို ဦးလည်မသုန်ဆောင်ရွက်ကြပါစို့ဟု . . .။ ။

---

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂၀၁၂ ခုနှစ် မေလ ၂၂ ရက်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ

---

## ရွှေတော်ဝင်ဆေးရုံဖွင့်ပွဲနှင့် ဝေရိကွှယ စာသင်သားကျောင်းဆောင် ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပ

**နေပြည်တော် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများသည် မေ ၁၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ ရွှေတော်ဝင်ဆေးရုံဖွင့်ပွဲသို့တက်ရောက်ရာ ရွှေတော်ဝင်ဆေးရုံအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာစန်းမြင့်အောင်က ရွှေတော်ဝင်ဆေးရုံဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မုံရွာဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်း၊ ရွှေတော်ဝင် ကျန်းမာရေးစောင့်ရှောက်မှုကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာမြန်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွှေတော်ဝင်ဆေးရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက် ဓမ္မဝိနယဓမ္မာရုံ၌ကျင်းပသော ဝေရိကွှယ စာသင်သား ကျောင်းဆောင်ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ သီတဂူ ဗုဒ္ဓတက္ကသိုလ် ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့် ရေလမ်းကြောင်းအသုံးချရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးနှင့် ရေလမ်းကြောင်းအသုံးချရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၁**

ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့် ရေလမ်းကြောင်းအသုံးချရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ကျင်းပရာ အစည်းအဝေးသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်သမ္မတရုံး အကြံပေး ပုဂ္ဂိုလ် ဗိုလ်မှူးကြီးစန်းမြင့်(အငြိမ်းစား)၊ ရန်ကုန်စက်မှုတက္ကသိုလ်မှ ပါမောက္ခ (အငြိမ်းစား) ဒေါက်တာ ဦးဝင်းသိမ်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးစိုးမြင့်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးလှမြင့်သိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရေရှည်အစီအမံ

အစည်းအဝေးတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဧရာဝတီမြစ်ကြောင်းထိန်းသိမ်းရေးနှင့် ဧရာဝတီမြစ်ကြောင်းအား အကျိုးရှိစွာအသုံးချရေး အတွက် Action Plan တစ်ရပ်အား ကော်မတီများ ဖွဲ့စည်းရေးဆွဲ ဆောင်ရွက်ရန်၊ ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊ လုပ်ငန်းအဆင့်အလိုက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

### အကြံပြုဆွေးနွေး

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဧရာဝတီမြစ် ရေကြောင်းဖွံ့ဖြိုးတိုးတက်ရေး ပင်မစီမံချက်ရေးဆွဲရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက အသေးစိတ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၅-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၅:၂၀ MRTV-4 သတင်း
၅:၄၀ **ငါးစာသာမြင်နေကြသည်** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၉)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၃)
၁၁:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၅)
၁:၀၀ **ငါးစာသာမြင်နေကြသည်** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၂:၀၀ MRTV-4 သတင်း
၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၉)
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၃)
၅:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၅)
၆:၀၀ MRTV-4 သတင်း
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၀)
၈:၀၀ MRTV-4 သတင်း
၈:၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love **အချစ်သင်္ကေတ** (အပိုင်း-၈)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၄)
၁၁:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၆)
၂:၃၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော် ကျိုက်တလန်းစေတီတော်
၄:၄၀ အလောင်းတော်ကဿပ လိုဏ်ဂူတော်

---

## မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်

**နေပြည်တော် မေ ၂၁**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ် အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ကလေးမြို့၊ မုံရွာမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ဂွမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၈၄ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ဟဲဟိုးမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် လွိုင်ကော်မြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

---

## ဓာတ်ဆီဖြည့်မှုသတိပြု

**ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။**

(မီးသတ်ဦးစီးဌာန)

◆ ကျော်ဖုံးမှ

သတင်းကြောင့် ငါးသိုင်းချောင်း မြို့သူမြို့သားတို့ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြရသည်။ ဝေနဲ့မြစ်ရေကြောင့် ငါးသိုင်းချောင်းမြို့ ရေကြီးနစ်မြုပ်မှု မရှိနိုင်တော့ဟူသောအတွေးဖြင့် ပျော်ခဲ့ကြသည်။

နှစ်စဉ် ဝေနဲ့မြစ်ရေတိုက်စားမှုကြောင့် မြစ်ကြောင်းကွေ့ကောက်နေသည့် ငါးသိုင်းချောင်းမြို့မြောက်ဘက် ဝေနဲ့မြစ်ကြောင်းပေါ်ရှိ သောင်ကြီးရွာနှင့် ဒေါင့်ကြီးဘက်ရွာအကြားတွင် မြစ်ကြောင်းကို အဖြောင့်နီးပါးယူကာ ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်းကို တူးဖော်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ရေလွှဲမြောင်းတူးဖော်ပေးလိုက်ခြင်းဖြင့် ဝေနဲ့မြစ်ရေမြောင်းဖြောင့်တန်းသွားကာ ရေစီးရေလာကောင်းမွန်သွားပြီး မြစ်ရေလျှံတက်မှုနှင့် မြစ်ကမ်းပါးတိုက်စားမှုတို့မှ ကင်းဝေးသွားမည် ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ရှိ ငါးသိုင်းချောင်းမြို့ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန်အတွက် ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်း စတင်တူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဖြတ်မြောင်း မြေကြီးတူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစတင်ကာ စက်ယန္တရားကြီးများဖြင့် ပြုလုပ်ခဲ့ကြသည်။

ငါးသိုင်းချောင်း မြို့သူ မြို့သားများနှင့် အနီးဝန်းကျင်မှ တောင်သူလယ်သမားများအတွက် မင်္ဂလာရှိသော ဆောင်ရွက်မှုပင်ဖြစ်သည်။

### အလေးထားဆောင်ရွက်

ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်းသည် အရှည်ပေ ၇၃၈၀ ရှိပြီး ဖြတ်မြောင်းပျမ်းမျှအနက်မှာ ၄၅ ပေဖြစ်သည်။ ဖြတ်မြောင်းထိပ်ဝ အကျယ် ၁၆၈ ပေရှိပြီး ဖြတ်မြောင်း အောက်ခြေအကျယ် ၇၃ ပေရှိသည်။ ထိုသို့ အရွယ်အစားရှိသော ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စက်ယန္တရား ၅၇ စီးဖြင့် ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်ကလည်း ငါးသိုင်းချောင်းမြို့ ရေဘေးမှကာကွယ်ပေးနိုင်ရန် လုပ်ငန်းများကို အားပေး ဖြည့်ဆည်းပေးခဲ့သည်။ ရေကြီးနစ်မြုပ်မှုဘေးမှ ကင်းဝေးစေရန် အလေးထားဆောင်ရွက်ပေးခြင်းပင် ဖြစ်သည်။

ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်း မတူးဖော်မီ ပထမဦးစွာ သတ်မှတ်လျာထား

ထို့နောက် ဝေနဲ့မြစ်ရေလွှဲဖြတ်မြောင်း တတိယအဆင့် ဖြတ်မြောင်းအနက် ၄၅ ပေ တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်ယန္တရားအင်အားကိုအသုံးပြုကာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့သဖြင့် သတ်မှတ်ကာလအတွင်း တတိယအဆင့် တူးဖော်ခြင်းလုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဝေနဲ့မြစ်ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း နောက်ဆုံးအဆင့် Upstream Bar ဖွင့်ခြင်း

အူကြောင်းရှာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ပထမအဆင့် ဖြတ်မြောင်းအနက် ၁၃ ပေ တူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ဒုတိယအဆင့် ဖြတ်မြောင်းအနက် ၂၆ ပေ တူးဖော်ခြင်းလုပ်ငန်းများကို စက်ယန္တရား ကြီးများဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လာရောက်ကြပ်မတ်စစ်ဆေးခဲ့ကြသည်မှာလည်း ဒေသခံတို့၏ ရေဘေးအန္တရာယ်ကင်းဝေးရေးကို မည်မျှအလေးထားကြောင်း ပေါ်လွင်စေခဲ့သည်။



ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်းအတွင်း စက်လှေများ မောင်းနှင်သွားလာနေကြသည်ကို တွေ့ရစဉ်။

လုပ်ငန်းကို မြေတူးစက်များဖြင့်အဆင့်ဆင့်ကွပ်ကဲ၍ ဆောင်ရွက်ခဲ့သလို နောက်ဆုံးအဆင့်ဖြစ်သည့် Pontoon ပေါ်သို့ မြေတူးစက်တင်ပြီး ဖြတ်မြောင်း အချောသပ်တူးဖော်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ထိုသို့ ဝေနဲ့မြစ်ရေလွှဲဖြတ်မြောင်းတူးဖော်ရေးလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေးအမှတ်(၉)မှ ညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်ကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီလွင်တို့က အနီးကပ်ကြီးကြပ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်း အချောသပ်လုပ်ငန်းများကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆောင်ရွက်ပြီးချိန်သည် ၂၀၁၂ ခုနှစ် ဧပြီ ၁၅ ရက်ဖြစ်ရာ မူလသတ်မှတ်လျာထားသည့်ရက်ထက် ၁၅ ရက် ကြိုတင်စောပြီးသွားခဲ့သည်။ ထိုသို့ အချိန်စောပြီးသွားခြင်းမှာ ဒေသခံတို့အပေါ်စေတနာထားပြီး အတတ်ပညာ၊ နည်းပညာ၊ စက်ယန္တရားများအားဖြင့် ဇွဲလုံ့လထားကာ ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ဝေနဲ့မြစ်ရေလွှဲဖြတ်မြောင်း အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့ပြီဖြစ်ရာ ယခုမိုးရာသီမှ စတင်ကာ နှစ်စဉ် မိုးရာသီတိုင်း ငါးသိုင်းချောင်းမြို့သည် ဝေနဲ့မြစ်ကြောင့် မြစ်ကမ်းများ တိုက်စားပြိုကျမှုနှင့် ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးသွားပြီ ဖြစ်သည်။ ထို့အတူ ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်း တူးဖော်ပေးနိုင်မှုကြောင့် ဒေသအတွင်း ရေကြောင်းခရီးလမ်းလည်းဖြောင့်တန်းကာ ခရီးကျုံ့သွားပြီဖြစ်ရာ လယ်ယာထွက်ကုန်နှင့် ဒေသခံထွက်ကုန်များကို အချိန်တိုအတွင်း အဆင်ပြေစွာ ပို့ဆောင်သယ်ယူနိုင်ပြီ ဖြစ်သည်။

### ပြုလုပ်ထား

ယခုအချိန်၌ ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်းအတွင်း ဝေနဲ့မြစ်ရေများ တသွင်သွင် စီးဆင်းနေပြီဖြစ်သည်။ ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်းအတွင်းသို့ ရေစီးဝင်မှုအားကောင်းစေရန် ရေလွှဲကမ်းများကိုလည်း ဝေနဲ့မြစ်ဖြတ်မြောင်းနှင့် ဝေနဲ့မြစ်ဆုံရာ ဝေနဲ့မြစ်အတွင်း ပြုလုပ်ထားပြီး ဖြစ်သည်။ ငါးသိုင်းချောင်းမြို့ ရေဘေးအန္တရာယ် စိုးရိမ်စရာမရှိတော့ပြီ။

ဖြောင့်တန်းလုနီးပါးတူးဖော်ထားသော ဝေနဲ့မြစ်ဖြတ်မြောင်းအတွင်း ရေအလျဉ်ပေါ်တွင် စက်လှေနှင့် လှေသမ္ဗန်တို့ မောင်းနှင်သွားလာနေကြသည့်မြင်ကွင်းကား ရေနစ်မြုပ်မည့်အန္တရာယ်မှကင်းဝေးသွားသည့် ငါးသိုင်းချောင်းမြို့၏အလှကို ပိုမိုလှပအောင် ခြယ်မှုန်းပေးနေသည့်အလား အသက်ဝင်လှုပ်ရှားနေပြီ ဖြစ်ပါကြောင်း။ ။



ဝေနဲ့မြစ် ရေလွှဲဖြတ်မြောင်း တူးဖော်ထားမှုကို ဤသို့ တွေ့ရသည်။

# ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၂၁**

ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၌ ကျေးရွာပြည်သူများဖတ်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ယနေ့ညနေ ၃ နာရီတွင် ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်နေ ဦးတင်အောင်ဆွေ-ဒေါ်ခင်မိုးမိုး (ရွှေလိပ်ပြာသက်န်းတိုက်) မိသားစုက ဂျာနယ်မျိုးစုံ ၂၃၆ အုပ်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်ကလက်ခံပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်း

**တာချီလိတ် မေ ၂၁**

ရှမ်းပြည်နယ် တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ရုံးခန်းမ၌ကျင်းပရာ ပြည်နယ်ခွဲမှူး ဒေါက်တာထွေးကိုကိုက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ တာချီလိတ်၊ တာလေ၊ ကျိုင်းလပ်မြို့နယ်မှ ဦးစီးမှူးများနှင့် ဝန်ထမ်းများတက်ရောက်ကြကာ ခရိုင်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက ဦးစီးလုပ်ငန်းတာဝန်နှင့် တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများ စွမ်းအားမြှင့်တင်ရေးဘာသာရပ်များပို့ချခဲ့ကြောင်း သိရှိရသည်။

(ခရိုင် မွေး/ကု)

# စွမ်းအင်ဆိုင်ရာ ဖိုရမ်ကျင်းပမည်

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံတွင် အသစ်တစ်ဖန်ပြုလုပ်၍ရသော စွမ်းအင် (Renewable Energy) နှင့်စွမ်းအင်ကို ထိရောက်စွာအသုံးချနိုင်မှု (Energy Efficiency) နည်းပညာ ပိုမိုကျယ်ပြန့်စွာ အသုံးချလာစေရန်နှင့် စီးပွားဖြစ်ပိုမိုလုပ်ကိုင်လာစေရန်၊ ပြည်တွင်းပြည်ပမှ နည်းပညာများကို လေ့လာနိုင်စေရန်ရည်ရွယ်ချက်တို့ဖြင့် Renewable Energy, Energy Efficiency Bussiness & Finance Forum (REBF 2012) ဖိုရမ်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည် ဖြစ်သည်။

CLEAN & GREEN TECH ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ပြခန်းများ၊ ထုတ်ကုန်များ၊ နည်းပညာနှီးနှောဖလှယ်ပွဲများ၊ လုပ်ငန်းများပူးပေါင်းဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ကွယ်လွန်သူ သတင်းထောက်စဥ့်ကူစိုးဝင်း တစ်နှစ်ပြည့်အထိမ်းအမှတ်အတွက် မန္တလေးတိုင်းဒေသကြီး စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ စိန္တာမုနိစေတီတော်ကြီးဝင်းအတွင်းရှိ ဆောက်လုပ်ဆဲဖြစ်သော ဆီမီး ၉၉၀၀ အရဏ်ခံတန်ဆောင်းကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဇနီးဒေါ်မိမိရီ(မိမိရီအင်းစိန်) (အလက(၁)အင်းစိန်)၊ သမီးမရတနာမြင့်၊ သား ဗိုလ်လောင်းထက်နိုင်ကျော် (တပ်မတော်ဆေးတက္ကသိုလ်)တို့က အင်းစိန်မြို့နယ်ရှိ ဆီမီး ၉၉၀၀ ရုံးတွင် မေ ၂၀ ရက်က လှူဒါန်းရာ အဖွဲ့နာယက ဒေါ်နန်းအေးလှိုင်၊ အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုး၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့် (တရားလွှတ်တော်ရှေ့နေ)တို့ လက်ခံယူကြစဉ်။ (ဝ၃၁)



### ဟောပြော

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို မေ ၁၈ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းရှိန် ဟောပြောစဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)



# ပညာ့ဗိမာန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ
## လှည်းကူးမြို့နယ်၌ ကျင်းပ

**လှည်းကူး မေ ၂၁**

လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ကျောက်အိုင်ကျေးရွာတွင် နိုင်ငံတော်မှ ပံ့ပိုးမတည်ငွေကျပ် ၁၀ သိန်းနှင့် အလှူရှင်များမှ စုပေါင်းလှူဒါန်းငွေဖြင့် ပညာ့ဗိမာန်စာကြည့်တိုက်အားဆောက်လုပ်ပြီး ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းလှနှင့် သာယာကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလှအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးလက်ဆေးပေးခန်းတို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# Myanmar Business Plan Contest ကျင်းပနိုင်ရေး ကုန်သည်/စက်မှုအသင်းချုပ်၌ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မေ ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဂျပန်နိုင်ငံ၊ CIESF အဖွဲ့တို့ ပူးပေါင်းပြီး Myanmar Business Plan Contest 2012 ကျင်းပပြုလုပ်ရေးနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၁၆ ရက်က ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ် ခန်းမကြီး၌ ကျင်းပခဲ့ရာ **(အောက်ပုံ)** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ HRD ကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းနှင့်ကော်မတီဝင်ဒေါ်ချိုသီရိမောင်၊ ဂျပန်နိုင်ငံ၊ CIESF မှ Representative,Mr. Satoshi Mitsukuri တို့က စာနယ်ဇင်းများ၊ သတင်းဂျာနယ်များမှတာဝန်ရှိသူများအား Myanmar Business Plan Contest 2012 ကျင်းပမည့်ကိစ္စ၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ၂၁-၄-၂၀၁၂ ၌ကျင်းပခဲ့သည့် Mekong Business Plan Challenge တွင် မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရာ အထူးဆုရရှိခဲ့သည့် ကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

Myanmar Business Plan Contest 2012 ကို Level နှစ်ခုခွဲခြား ပြုလုပ်မည်ဖြစ်ပြီး Level-1 တွင် အသက် ၂၃ နှစ်အောက် ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ကာ ပထမဆုအဖြစ် USD 1000 ချီးမြှင့်မည်ဖြစ်ပြီး Level-2 တွင် အသက် ၂၈ နှစ်အောက် လူငယ်များပါဝင်ယှဉ်ပြိုင်နိုင်ကာ ပထမဆုအဖြစ် USD 3000 ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ကုန်သည်/စက်မှုအသင်းချုပ် ဖုန်း-၂၁၄၃၄၄-၉၊ (Ext:108) သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**




# ကျောက်တော်မြို့နယ် စာရေးဆရာများအသင်း ဖွဲ့စည်း

**ကျောက်တော် မေ ၂၁**

ကျောက်တော်မြို့နယ် စာရေးဆရာများအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက ကျောက်တော်မြို့ မြို့နယ်သာသနာ့ဗိမာန် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိန်လှမောင်က ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြသန်းနှင့် မြို့နယ်စာရေးဆရာအသင်း နာယက ဦးစောမောင်(ပုသိမ်မောင်စောမောင်) တို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြသည်။

**ရွေးချယ်ခဲ့**

ယင်းနောက် အမှုဆောင်သုံးဦးကို လျှို့ဝှက်ဆန္ဒမဲပေး၍ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို အပြန်အလှန်ဆန္ဒပြုရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌ ဦးသန်းစော (သန်းစော-ဥပဒေ)၊ အတွင်းရေးမှူး ဦးဘသောင်း(သူမြတ်မဟာအောင်မြေ)၊ ဘဏ္ဍာရေးမှူး ဦးကျော်လှသိန်း(မဟူရာ-ကျောက်တော်)တို့အား ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ပြည်တွင်းအားကစား

# RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

***ရန်ကုန် မေ ၂၁***

*Royal Mingalardon Golf & Country Club က ကြီးမှူးကျင်းပသော RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၆ ရက်တွင် အဆိုပါ ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။*

*ယခုပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကြေးမှ ရရှိသောငွေများကို မိဘမဲ့ကလေးများစောင့်ရှောက်ရေးအသင်းအဖွဲ့များသို့ လှူဒါန်းသွားရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သောကြောင့် ဂေါက်သီးရိုက်အားကစားသမား မည်သူမဆို ပြိုင်ပွဲဝင်ကြေးဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။*

*ယင်းပြိုင်ပွဲကို System 36 ဖြင့် အတန်း နှစ်တန်းခွဲကာ ကျင်းပမည်ဖြစ်ပြီး အနိုင်ရရှိသူများအား အဖိုးတန်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။*

*အဆိုပါပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် Myanmar Brewery Co., Ltd. က Diamond Sponsor အဖြစ်လည်းကောင်း၊ Super Power နှင့် Singtech တို့က Platinum Sponsor အဖြစ်လည်းကောင်း၊ Royal Modern Furniture၊ Red Link နှင့် Alpine တို့က Gold Sponsor အဖြစ်လည်းကောင်း၊ Mya Yeik Nyo Hotel၊ Karaweik Palace၊ MAI၊ Canon၊ CP၊ TaylorMade၊ Transview နှင့် Crest Link တို့က Silver Sponsor များအဖြစ်လည်းကောင်း အသီးသီး ပါဝင်ပံ့ပိုးကူညီထားကြသည်။*

*အဆိုပါ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၁-၆၃၉၄၄၅-၇ နှင့် ၀၁-၆၃၉၄၃၅-၉ နှင့် Hot Line ဖုန်း၀၉-၈၆၃၆၃၉၅ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

## ပြည်တွင်းအားကစား

# ရိုးရာခြင်းလုံးအလှခတ်ပြပွဲ သထုံ၌ကျင်းပ

**သထုံ မေ ၂၁**

သထုံခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်ခြင်းလုံးဆပ်ကော်မတီမှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီက သထုံမြို့ ဘင်လှိုင်ရပ်ကွက် မိုးလုံလေလုံ ခရိုင်အားကစားရုံကြီး၌ ကျင်းပရာ ရှေးဦးစွာ သထုံခရိုင်အတွင်းရှိ ခြင်းလုံးအလှခတ် အသင်း ၁၆ သင်းနှင့် ဖိတ်ခေါ်အသင်းများဖြစ်သည့် မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ဘားအံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က အစဉ်အတိုင်း အလှခတ်ကစားကြပြီး အထူးပြပွဲအနေဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ခြင်းလုံးအလှပညာရှင် လက်ရွေးစင် အောင်အောင်၊ ဖိုးလပြည့်နှင့် အဖွဲ့တို့က ရိုးရာခြင်းလုံးအလှပြကွက်များကို လှပစွာ ကစားပြသခဲ့ကြရာ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ရိုးရာခြင်းလုံး အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်နှင့် အဖွဲ့ဝင်များက ခရိုင်ခြင်းလုံးဆပ်ကော်မတီသို့ ချီးမြှင့်ထောက်ပံ့ငွေကျပ် ၁၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်စိုးခိုင်တို့က လက်ခံကြကာ အခမ်းအနားကို ညနေ ၅ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# စားပွဲတင်တင်းနစ် သင်တန်းဆင်းပွဲကျင်းပ

***ရန်ကုန် မေ ၂၁***

*မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် Tournament Organization Course For Table Tennis (2012) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး အာရှစားပွဲတင်တင်းနစ်အဖွဲ့ချုပ်(A.T.T.U)အထွေထွေအတွင်းရေးမှူး မလေးရှားနိုင်ငံမှ Mr. Chan Foong Keong က သင်တန်းကျင်းပသည့် နည်းလမ်းပုံစံဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပေးမှုများကို ရှင်းလင်းပြောကြားသည်။*

*ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့ထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။*

*ယင်းနောက် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က သင်တန်းတွင် ပြိုင်ပွဲပုံစံ ကျင်းပခြင်း သင်ခန်းစာအတွက် ပါဝင်ယှဉ်ပြိုင်ပြီး အနိုင်ရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများအား ပထမ၊ ဒုတိယ၊ တတိယဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။* ***(သတင်းစဉ်)***

# ဂေါက်သီးရိုက် ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၁**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ MYANMAR BREWERY LTD. က အဓိက ကူညီပံ့ပိုးသည့် TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**ကျင်းပမည်**

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H'CAP 0-12) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲကို R&A RULES LIMITED (ST.ANDREW) ဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးအားကစားသမားများသည် တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေးငွေကျပ်နှစ်သောင်းကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို (HAN EVENT MANGEMENT) ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ၀၉- ၄၉၁၀၂၀၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# တစ်ရွာတစ်ဧကစိုက်ခင်းပျိုးထောင်နိုင်ရေး လက်ပံတန်း၌ ဟောပြောပွဲကျင်းပ

**လက်ပံတန်း မေ ၂၁**

ကျေးလက်အိမ်ရာထူထောင်ရေး၊ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ရွာတစ်ဧကစိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာ၌ မေ ၁၇ ရက်တွင် ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးနိုင်နေသိန်းနှင့် သစ်တောဝန်ထမ်းများက သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောကြသည်။ အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖကျေးလက်ပြည်သူအင်အား ၁၁၅ ဦး တက်ရောက်ခဲ့ကြသည်။

လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် မိုးရာသီတွင် ရတနာတန်းဝင် ကျွန်းပင်အပါအဝင် သစ်မာပင်နှင့် အရိပ်ရပင်စုစုပေါင်း ၁၃၀၀၀၀ ပင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သစ်တောဦးစီး)**



ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၂၇ ဦး အတွက် ဝတ်စုံများပေးအပ်ပွဲကို မေ ၂၁ ရက်က သန်လျင်မြို့ရှိ ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက တန်ဖိုးငွေကျပ် ၅၅၀၀၀၀ တန်ဖိုးရှိ ဝတ်စုံများကို တစ်ဦးချင်းထံ ထောက်ပံ့ပေးအပ်စဉ်။ (၀၄၉)



မေ ၂၀ ရက်က အလှူရှင်ဆရာဦးရွှေဇီဝ၊ ဦးအောင်ဇော်လတ်၊ ဦးအောင်မြတ်သက်နှင့် ဦးသော်တာမိသားစုတို့က အမက(၁၈) သဃ်န်းကျွန်းသို့ ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ ဒါဇင် ၁၅၀ ကို ပေးအပ်လှူဒါန်းစဉ်။
စမ်းစမ်းကြည်(သဃ်န်းကျွန်း)

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်



# ပေါ်တူဂီဖလားဗိုလ်လုပွဲ အကာဒီမီရာအသင်း အောင်ပွဲရရှိ

**လစ္စဘွန်း မေ ၂၁**

ပေါ်တူဂီဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အကာဒီမီရာအသင်းနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့ မေ ၂၀ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အကာဒီမီရာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ပေါ်တူဂီဖလားကို လက်ဝယ်ပိုင်ပိုင် သိမ်းပိုက်အောင်ပွဲခံနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

အကာဒီမီရာ အသင်းသည် ယခုပွဲ၌ တိုက်စစ်နှင့် ခံစစ်ကိုမျှအောင် ကစားနိုင်ခဲ့မှုကြောင့် ပထမပိုင်းပွဲချိန် ၃ မိနစ်၌ အကာဒီမီရာက ဂိုးသွင်းယူနိုင်ခဲ့သည်။ စပို့တင်းတို့ ချေပဂိုးသွင်းယူနိုင်ရေးကြိုးစားခဲ့သော်လည်း အကာဒီမီရာ နောက်တန်းနှင့် ဂိုးသမားတို့က ကာကွယ် ဟန့်တားနိုင်မှုကြောင့် ဂိုးမသွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

စပို့တင်းလစ္စဘွန်းတို့ ဒုတိယပိုင်းပွဲချိန်အတွင်း ထိုးဖောက်တိုက်စစ်ဆင် ကစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် အပိုင်ဂိုးများ လွဲချော်ခဲ့ရခြင်းဖြစ်သည်။ ထို့အတူ အကာဒီမီရာအသင်း နောက်တန်းကစားသမားများကလည်း အမှားအယွင်းနည်းစွာ ဟန့်တားနိုင်မှုများကြောင့် စပို့တင်းတို့ ထင်တိုင်းမပေါက်ခဲ့ခြင်းဖြစ်သည်။ အကာဒီမီရာအသင်းသည် ၁၉၃၉ ခုနှစ်နောက်ပိုင်း ပေါ်တူဂီဖလား နောက်ဆုံးဗိုလ်လုပွဲသို့ (၅)ကြိမ် တက်ရောက်နိုင်ခဲ့သော်လည်း ယခုအကြိမ်မှာ ပေါ်တူဂီဖလားကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ စပို့တင်းလစ္စဘွန်းမှာ ပေါ်တူဂီဖလားသမိုင်း၌ နောက်ဆုံးဗိုလ်လုပွဲသို့ (၁၅)ကြိမ် တက်ရောက်နိုင်ခဲ့သည့်အသင်းဖြစ်သည်။

ထို့အပြင် စပို့တင်းလစ္စဘွန်းအသင်းသည် တစ်နှစ်လျှင် ယူရို ၁၅ သန်းမျှ လုပ်ခလစာပေးပြီး အင်အားတောင့်တင်းခိုင်မာသည့် အသင်းဖြစ်အောင် ပြင်ဆင်ထားသည့် အသင်းဖြစ်သော်လည်း အကာဒီမီရာအသင်းကို ပေါ်တူဂီဖလားဗိုလ်လုပွဲ၌ ရှုံးနိမ့်ခဲ့ပြီး ဖလားလက်လွတ်ခဲ့ရခြင်းဖြစ်သည်။

**(အင်တာနက်)**

# အီတလီယာဖလား ဘောလုံးပြိုင်ပွဲ နာပိုလီတို့ ဖလားကိုင်မြှောက်အောင်ပွဲခံ

*ရောမ မေ ၂၁*

*အီတလီယာဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၁ ရက် နံနက်က နာပိုလီနှင့် ဂျူဗင်တပ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ယခုနှစ် စီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်ကို နာပိုလီတို့က နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူကာ အီတလီယာဖလားကို ကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့ကြသည်။* ***(ယာပုံ)***

*နာပိုလီအသင်းသည် ပူပူနွေးနွေးစီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်ကို ခြေရည်တူကစားခဲ့ရာ ဂျူဗင်တပ်စ်တို့ ဂိုးမသွင်းနိုင်အောင်ဖြစ်ခဲ့သည်။ နာပိုလီခံစစ်မှူးများက ဂျူဗင်တပ်စ် တိုက်စစ်မှူးများ၏ ထိုးဖောက်ဂိုးသွင်းမှုများကို အမှားအယွင်းနည်းစွာ ဟန့်တားနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်းပွဲချိန်အတွင်း နာပိုလီတို့ ဂိုးရရှိရေးကြိုးစားခဲ့ရာ ပွဲချိန် ၆၃ မိနစ်၌ ပယ်နယ်တီရရှိခဲ့သည်။ ယင်းပယ်နယ်တီကို နာပိုလီမှ ကာဗာနီကန်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၈၃ မိနစ်၌ နာပိုလီမှ ဟမ်ဆစ်က တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် နာပိုလီတို့ ဒုတိယဂိုးရရှိခဲ့သည်။*

**ဆွတ်ခူးရရှိ**

*ပွဲချိန်ပြည့်သည်အထိ ဂျူဗင်တပ်စ်တို့ ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး နာပိုလီတို့ နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရကာ အီတလီယာဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ နာပိုလီအသင်းသည် အီတလီယာဖလားကို ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။*

*ဂျူဗင်တပ်စ်အသင်းသည် ၁၉၉၀ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တို့၌ အီတလီယာဖလားကို ဆွတ်ခူးရရှိခဲ့ဖူးသော အသင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း အီတလီယာဖလားကို အကြိမ်အများဆုံး ဆွတ်ခူးရရှိခဲ့သည့်အသင်းများမှာ အင်တာမီလန်အသင်း (၄)ကြိမ်၊ လာဇီယိုအသင်း (၄)ကြိမ်၊ ရိုးမားအသင်း (၃)ကြိမ်၊ ပါးမားအသင်း (၃)ကြိမ်တို့ဖြစ်သည်။* ***(အင်တာနက်)***



# ရောမတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာက လီနာကို အနိုင်ရပြီးဗိုလ်စွဲ



*ရောမ မေ ၂၁*

***အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပသော ရောမမာစတာတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲအဖြစ် မေ ၂၀ ရက်၌ ရှာရာပိုဗာနှင့် လီနာတို့ယှဉ်ပြိုင်ကစားရာ ရှာရာပိုဗာက အနိုင်ရ ဗိုလ်စွဲပြီး ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။*** *(ဝဲပုံ)*

***မာရီယာရှာရာပိုဗာသည် တရုတ်တင်းနစ်မယ် လီနာအား ၄-၆၊ ၆-၄၊ ၇-၆ (၇-၅) ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၌ ရှာရာပိုဗာသည် လီနာအား အနိုင်ရရှိရန် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသည်။ ဤပွဲကို ရှာရာပိုဗာနှင့်လီနာတို့ နှစ်နာရီခန့်ကြာမျှ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။***

***လီနာသည် အစောပိုင်းပွဲစဉ်၌ ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ရှာရာပိုဗာ၏ တိကျပြင်းထန်သော ရိုက်ချက်များကြောင့် ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။ တစ်ဖန် ပြိုင်ပွဲကစားစဉ် မိုးရွာသွန်းခဲ့မှုကြောင့်လည်း ရှာရာပိုဗာနှင့် လီနာတို့နှစ်ဦးစလုံး အနှောင့်အယှက်ဖြစ်ခဲ့ရသည်။***

***ရောမ မာစတာတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကစားရခြင်းမှာ မိုးရွာထဲ ဘောလုံးသမားများကစားနေရခြင်းနှင့်တူညီနေကြောင်း ပြိုင်ပွဲအပြီး လီနာက ပြောကြားသည်။ ရှာရာပိုဗာကမူ မိမိအနေဖြင့် ရောမမာစတာဖလားဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဝမ်းသာပီတိဖော်မပြနိုင်အောင် ဖြစ်ခဲ့ရကြောင်း ပွဲအပြီး၌ ပြောကြားခဲ့သည်။***

*(အင်တာနက်)*

နိုင်ငံတကာအားကစားမြင်ကွင်း

မြင့်မောင်စိုး - စုစည်းသည်

## စပါးမှ မိုဒရစ်အား ရီးရဲမက်ဒရစ်က ပေါင် ၂၅ သန်းပေး



**လန်ဒန် မေ ၂၁**

ချန်ပီယံလိဂ်ကစားခွင့် မရတော့သည့် စပါးအသင်းမှ လူကာမိုဒရစ် **(ယာပုံ)** အား ရီးရဲမက်ဒရစ်က ပေါင် ၂၅ သန်းပေး ခေါ်ယူရန် ကမ်းလှမ်းလိုက်ပြီဖြစ်သည်။

စပိန်လာလီဂါချန်ပီယံ ရီးရဲမက်ဒရစ်က ခရိုအေးရှားတိုက်စစ်မှူး လူကာမိုဒရစ်အား ပေါင် ၂၅ သန်းပေးခေါ်ယူမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့သည်။ ရီးရဲမက်ဒရစ်က တိုက်စစ်မှူးကာကာကို ပဲရစ်စိန့်ဂျာမိန်းကလပ်သို့ရောင်းချပြီး ရသည့်ငွေနှင့် မိုဒရစ်ကို ဝယ်ယူရန် ပြင်ဆင်နေသည်ဟု ဆိုသည်။

ပြီးခဲ့သည့်နွေရာသီက မိုဒရစ်ကို ပေါင် သန်း ၄၀ ပေးခေါ်ရန် ကမ်းလှမ်းလာမှုကို စပါးအသင်းက ပယ်ချခဲ့သည်။ ယခုနှစ်ရာသီတွင် စပါးတို့အနေဖြင့် မိုဒရစ်အား ဆက်လက်ခေါ်ထားရန် အခက်အခဲနှင့်ရင်ဆိုင်နေရသည်။ ချယ်လ်ဆီးက ဘိုင်ယန်မြူးနစ်ကိုနိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့ခြင်းကြောင့် လာမည့်နှစ်ချန်ပီယံလိဂ်တွင် စပါးတို့ ဝင်ခွင့်ရမည်မဟုတ်တော့ပေ။ လက်ရှိ မိုဒရစ်၏ တန်ဖိုးမှာ ပေါင်သန်း ၃၀ ကျော်သာ ထိုက်တန်တော့မည်ဟုဆိုသည်။ ၎င်းအနေဖြင့် ယူရို ၂၀၁၂ ပြီးလျှင် ဆုံးဖြတ်ချက်အခိုင်အမာချရတော့မည်ဖြစ်သည်။ **(အင်တာနက်)**

## မန်စီနီအား တစ်နှစ် ပေါင်ငါးသန်းဖြင့် မန်စီးတီးက သုံးနှစ် ထပ်မံစာချုပ်မည်



**လန်ဒန် မေ ၂၁**

မန်စီးတီးအသင်းကို ပရီမီယာလိဂ်ဖလားရအောင် ဆွတ်ခူးပေးခဲ့သည့် နည်းပြမန်စီနီအား ၎င်းကလပ်က ပေါင် ၁၅ သန်းတန်ဖိုးရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုသွားရန် ဆွေးနွေးနေပြီဖြစ်သည်။

**ဆွေးနွေးလျက်**

နည်းပြမန်စီနီ **(ယာပုံ)**အား နောက်ထပ်သုံးနှစ်စာချုပ်ရန် မန်စီးတီးဥက္ကဋ္ဌ ဝါဒွန်းအယ်လ်မူဘာရက်နှင့် အဘူဒါဘီမြို့တွင် ဆွေးနွေးလျက်ရှိသည်။ မန်စီးတီးက တစ်နှစ်လျှင် ပေါင်ငါးသန်းဖြင့် သုံးနှစ်ထပ်မံ စာချုပ်မည်ဖြစ်ကြောင်း သိရသည်။ နည်းပြမန်စီနီအား မန်စီးတီးအသင်းက လွန်ခဲ့သော နှစ်နှစ်ခွဲကာလတွင် ပေါင် ၃ ဒသမ ၅ သန်းဖြင့် ခေါ်ယူစာချုပ်ခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းအား ထိုက်ထိုက်တန်တန် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးပေးခဲ့ပြီးနောက် အသင်းပိုင်ရှင်များက စာချုပ်သစ်ထပ်မံချုပ်ဆိုရန် ပြင်ဆင်လျက်ရှိသည်။ နည်းပြမန်စီနီ၏ကြိုးပမ်းအားထုတ်မှုကြောင့် ၄၄ နှစ်တာအတွင်း ပထမဆုံးသော ပရီမီယာလိဂ်ဖလားကြီးကို ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

## တိုက်စစ်မှူး တောရက်စ် ချယ်လ်ဆီးမှ ထွက်ခွာဖွယ်ရှိ

*လန်ဒန် မေ ၂၁*

***ချယ်လ်ဆီးတိုက်စစ်မှူး တောရက်စ်သည် ချယ်လ်ဆီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သော်လည်း အသင်းမှ ထွက်ခွာဖွယ်ရှိနေသည်။***



***ဘိုင်ယန်မြူးနစ်နှင့်ကစားခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အရန်ခုံတွင် ထိုင်ခဲ့ရခြင်းကို ဘောလုံးသမားဘဝ တစ်လျှောက်လုံး စိတ်အပျက်မိဆုံးဖြစ်ကြောင်း တောရက်စ်က ဝန်ခံပြောကြားခဲ့သည်။***

***စပိန်တိုက်စစ်မှူး တောရက်စ်*** *(ဝဲပုံ)* ***ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် လီဗာပူးအသင်းမှ ပေါင်သန်း ၅၀ ပေးပြီး ချယ်လ်ဆီးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် ယခုနှစ်ရာသီအတွင်း ၁၁ ပွဲသာ ပါဝင်ကစားခဲ့ရပြီး ခြောက်ဂိုးသာ သွင်းယူပေးနိုင်ခဲ့သည်။***

*ပြောကြား*

***ချယ်လ်ဆီးနှင့် ၎င်း၏အနာဂတ်နှင့်ပတ်သက်၍ မကြာမီဆွေးနွေးမည်ဟု တောရက်စ်က ပြောကြားသည်။***

*(အင်တာနက်)*

## တိုက်စစ်မှူး ဒရော့ဘာ တရုတ်သို့ သွားရောက်ကစားတော့မည်



***လန်ဒန် မေ ၂၁***

*တိုက်စစ်မှူး ဒရော့ဘာသည် ချယ်လ်ဆီးသမိုင်းတွင် ပထမဆုံးသော ချန်ပီယံလိဂ်ဖလားကြီးကို ဆွတ်ခူးပေးခဲ့ပြီးနောက် ချယ်လ်ဆီးပရိသတ်များကို နှုတ်ဆက်ထွက်ခွာရန် ပြင်ဆင်နေပြီဖြစ်သည်။*

*ချယ်လ်ဆီးကလည်း တိုက်စစ်မှူး ဒရော့ဘာ တရုတ်ကလပ် ရှန်ဟိုင်းရှန်ဟွာသို့ အလွတ်ပြောင်းရွှေ့မှုကို အတည်ပြုကြေညာရန် စောင့်ဆိုင်းလျက်ရှိသည်။ တိုက်စစ်မှူး ဒရော့ဘာ* ***(ဝဲပုံ)*** *သည် ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့သည့် ပြိုင်ပွဲတစ်လျှောက်လုံး အလွန်အရေးကြီးသော အဆုံးအဖြတ်ဂိုးများကို သွင်းယူပေးခဲ့သူဖြစ်သည်။*

*အပြာရောင်ချယ်လ်ဆီးအင်္ကျီကို နောက်ဆုံး ဝတ်ဆင်ပြီး ဘိုင်ယန်မြူးနစ်ကို အနိုင်ကစားရာတွင် နောက်ဆုံးပယ်နယ်တီအဆုံးအဖြတ်ဂိုးကိုလည်း သွင်းယူပေးခဲ့ပြီ ဖြစ်သည်။ ဒရော့ဘာက ချယ်လ်ဆီးပရိသတ်အပေါ် တာဝန်ကျေခဲ့ပြီဖြစ်သည်။ မကြာမီ တရုတ်ကလပ်သို့ ထွက်ခွာတော့မည်ဖြစ်သည်။ ဒရော့ဘာအား တရုတ်ကလပ်က တစ်ပတ်ပေါင် ၂၅၀၀၀၀ ပေးမည်ဖြစ်သည်။ ကစားဖော်တိုက်စစ်မှူး အနယ်ကာမှာ တရုတ်ကလပ်တွင် စတင်ကစားနေပြီဖြစ်သည်။* ***(အင်တာနက်)***

နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ – ရေးသားသည်



# ကိန်းစ်ရုပ်ရှင်ပွဲတော်အတွင်း

## အီရန်ဒါရိုက်တာ အက်စ်ဂါဖာဟာဒီ ဂုဏ်ပြုဆုချီးမြှင့်ခံရ

*ပါရီ မေ ၂၁*

*ပြင်သစ်နိုင်ငံ ပါရီမြို့တွင်ကျင်းပလျက်ရှိသော ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် အီရန်နိုင်ငံသား ဒါရိုက်တာအက်စ်ဂါဖာဟာဒီ **(အပေါ်ပုံ)**သည် ဥရောပသမဂ္ဂမှ ချီးမြှင့်သော ဂုဏ်ပြုဆုကိုရရှိခဲ့ကြောင်း မေ ၂၁ ရက်က သတင်းထုတ်ပြန်သည်။*

*ဒါရိုက်တာအက်စ်ဂါဖာဟာဒီ ရိုက်ကူးခဲ့သော A bout Elly နှင့် A Separation ဇာတ်ကားများကြောင့် ဥရောပသာမက ကမ္ဘာတစ်ဝန်းပရိသတ်များကပါ ဒါရိုက်တာအက်စ်ဂါဖာဟာဒီအား သိရှိခဲ့ကြသည်။*

*ထို့အပြင် ဒါရိုက်တာအက်စ်ဂါဖာဟာဒီ နောက်ထပ်ရိုက်ကူးမည့်ဇာတ်ကားကို ပြင်သစ်နိုင်ငံမှထုတ်လုပ်ဖြန့်ဖြူးရေးအတွက်လည်း ဥရောပသမဂ္ဂက ငွေကြေး အမေရိကန်ဒေါ်လာ ၇၆၈၀၀ကို လောလောဆယ်ပေးအပ်မည်ဖြစ်သည်။*

*ဒါရိုက်တာအက်စ်ဂါဖာဟာဒီသည် ဥရောပသမဂ္ဂအတွက် ရုပ်ရှင်ဇာတ်ကား တစ်ကားရိုက်ကူးပေးရမည်ဖြစ်သည်။*

*ယင်းဇာတ်ကားတွင် အော်စကာဆုရ ရုပ်ရှင်မင်းသမီးမာရီရွန်ကောတီလက် နှင့်အတူ ရုပ်ရှင်မင်းသားတစ်ဦးဖြင့်ရိုက်ကူးရန် စီစဉ်ထားသည်။ ဒါရိုက်တာ အက်စ်ဂါဖာဟာဒီသည် ယခုနှစ်အစောပိုင်းကကျင်းပခဲ့သော အော်စကာဆုချီးမြှင့်ပွဲ၌ နိုင်ငံခြားစကားပြောရုပ်ရှင်ကားများဖြစ်သော A bout Elly နှင့် A Separation ဇာတ်ကားတို့ဖြင့် အော်စကာဆုရရှိခဲ့သူလည်းဖြစ်သည်။*

*ကိန်းစ်ရုပ်ရှင်ပွဲတော်ကို မေ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ နောက်ဆုံး ဆန်ခါတင်ရွေးချယ်ထားသော ဇာတ်ကား ၂၀ မှ အကောင်းဆုံးရုပ်ရှင်ကားများကို ရွေးချယ်ကာ ဆုချီးမြှင့်မည်ဖြစ်သည်။ ယင်းပွဲတော်ကို ဥရောပသမဂ္ဂက စပွန်ဆာပေး ကျင်းပခြင်းလည်းဖြစ်သည်။* ***(အင်တာနက်)***

# ရုပ်ရှင်မင်းသား ဂျက်လီ လူမှုရေးလုပ်ငန်းများလုပ်ကိုင်နေ



**ပေကျင်း မေ ၂၁**

ဟောင်ကောင်ရုပ်ရှင်မင်းသား ဂျက်လီ **(ယာပုံ)**သည် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရန် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့်ထိုင်းနိုင်ငံများသို့ လှည့်လည်သွားရောက်မည်ဖြစ်ကြောင်း မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျက်လီသည် လောလောဆယ်တွင် ရုပ်ရှင်ကားရိုက်ကူးမှုများရပ်နားထားပြီး တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တွင် အကူအညီပေးရေးဆိုင်ရာ အဆောက်အအုံတစ်ခုကို တည်ဆောက်လျက်ရှိသည်။ မိသားစုဝင် ၅၀၀ ကျော်တို့အား အကူအညီပေးနိုင်မည့် အဆောက်အအုံလည်းဖြစ်သည်။

မကြာမီကာလ သဘာဝဘေးဒဏ်ကြုံတွေ့ခံစားခဲ့ရသော ထိုင်းနှင့်တရုတ်နိုင်ငံတို့တွင် အကူအညီပေးရေးအဆောက်အအုံများ တည်ဆောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်၍ အကူအညီများပေးရန်လည်း စီစဉ်ထားသည်။ ထိုင်းနိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ရေလွှမ်းမှုဆိုးရွားစွာ ကြုံတွေ့ခံစားခဲ့ရသည့် ပြည်သူများကို ရုပ်ရှင်မင်းသားဂျက်လီက အကူအညီပေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အတူ ရုပ်ရှင်မင်းသားဂျက်လီသည် တိုင်ဖွန်းမုန်တိုင်းများတိုက်ခတ်ခံရမှုကြောင့် နေအိမ်များပျက်စီးခဲ့ကြရသည့် ဖိလစ်ပိုင်မှ မိသားစုများအတွက်လည်း နေအိမ်များ ပြန်လည်ဆောက်လုပ်ရာတွင် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

အာရှ- ပစိဖိတ်ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဘေးဒုက္ခမျိုးစုံကြုံတွေ့ရင်ဆိုင်နေရသည့် မိသားစုဝင်များအတွက်လည်း ရုပ်ရှင်မင်းသား ဂျက်လီက တတ်နိုင်သမျှကူညီထောက်ပံ့မှု၊ လူသားချင်းစာနာထောက်ထားမှုများ ပံ့ပိုးပေးမည်ဖြစ်သည်။ မိမိသည် နှစ်ပေါင်း ၃၀ နီးပါး ရုပ်ရှင်ရိုက်ကူးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ လူမှုရေးလုပ်ငန်းများကိုလည်း ဦးစားပေးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ရုပ်ရှင်မင်းသားဂျက်လီက ပြောကြားသည်။ **(အင်တာနက်)**



# တရုတ်ရုပ်ရှင်မင်းသမီး လီပင်းပင်း ကိန်းစ်ရုပ်ရှင်ပွဲတော်တက်ရောက်

**ပါရီ မေ ၂၁**

(၆၅)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပလျက်ရှိရာ တရုတ်ရုပ်ရှင်မင်းသမီး လီပင်းပင်းလည်း တက်ရောက်လျက်ရှိသည်။ ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ပါဝင်ဆင်နွှဲလျက်ရှိသော နိုင်ငံတကာမှ အနုပညာရှင်များအကြားတွင် ထူးခြားသောရိုးရာဝတ်စုံဒီဇိုင်းဖြင့် ဝတ်ဆင်ကာ ပွဲတက်လာသော ရုပ်ရှင်မင်းသမီး လီပင်းပင်း **(ဝဲပုံ)**မှာ ကိန်းစ်ရုပ်ရှင်ပွဲတော်၌ ဆွဲဆောင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီးအဖြစ် သတ်မှတ်ခံရကြောင်း မတ် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

ရုပ်ရှင်မင်းသမီးသာမက အဆိုတော်တစ်ဦးလည်းဖြစ်သော လီပင်းပင်း၏ ပြီးခဲ့သည့်နှစ်က Snow Flower and the Secret Fan အမည်ရှိ ရုပ်ရှင်ကားမှာ တရုတ်နိုင်ငံတစ်ဝန်း ပရိသတ်အကြိုက်ဆုံး ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်အထိ အောင်မြင်ခဲ့သည်။ ထို့အတူ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်း၌ ထုတ်လွှင့်ပြသခဲ့သော The Hunter အမည်ရှိ ဇာတ်ကားတွင်လည်း စူဆောင်ဟန်အမည်ရှိ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင် သရုပ်ဆောင်ခဲ့ရာ ရဲရင့်ပြီး ဆုံးဖြတ်ချက်ပြတ်သားသည့် အမျိုးသမီးတစ်ဦးအဖြစ် ပီပြင်စွာ မြင်တွေ့ခဲ့ကြရသည်။ ရုပ်ရှင်မင်းသမီး လီပင်းပင်းသည် ၂၀၁၂ ခုနှစ်အတွင်း I Do အမည်ရှိ ဇာတ်ကားကို ရိုက်ကူးနေပြီး မကြာမီ ရုံတင်ပြသတော့မည်ဖြစ်သည်။ ထို့အတူ Resident Evil Retribution ရုပ်ရှင်ကားကိုလည်း ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ကာ ကိုယ်တိုင်ထုတ်လုပ်သူအဖြစ် လုပ်ကိုင်လျက်ရှိသည်။ ရုပ်ရှင်မင်းသမီး လီပင်းပင်းသည် ဟောင်ကောင်ရုပ်ရှင်မင်းသားကြီး ဂျက်ကီချန်းနှင့် ဒရာမာဇာတ်ကား တစ်ကားရိုက်ကူးရန် စီစဉ်လျက်ရှိသည်။ ယင်းဇာတ်ကားသစ်ကို ရုပ်ရှင်မင်းသားဂျက်ကီချန်းနှင့်အတူ ကိုယ်တိုင်သရုပ်ဆောင်ကာ ပူးတွဲထုတ်လုပ်သူအဖြစ်လည်းလုပ်ကိုင်ရန် စီစဉ်လျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာဂီတ

ကောင်းမြတ်သူ – စုစည်းသည်



# အဆိုတော်ချယ်ရီကိုးလ်၏ဖက်ရှင် ကိန်းစ်ရုပ်ရှင်တွင် ဆွဲဆောင်မှုအရှိဆုံးဖြစ်

**လန်ဒန် မေ ၂၁**

ဗြိတိသျှအဆိုတော် ချယ်ရီကိုးလ် **(ဝဲပုံ)**၏ဖက်ရှင်ဒီဇိုင်းသည် ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် ဆွဲဆောင်မှုအရှိဆုံး ဖက်ရှင်ဒီဇိုင်းဖြစ်ခဲ့သည်။

**ဝတ်ဆင်**

အသက် ၂၈ နှစ်ရှိ အဆိုတော် ချယ်ရီကိုးလ်သည် အခြားသရုပ်ဆောင်နှင့် အဆိုတော်များနှင့်မတူအောင် တစ်မူထူးခြားစွာဝတ်ဆင်ပြသခဲ့သည်။ သူမက အပေါ်ပိုင်းကို အဖြူရောင် အသားပေး ဝတ်ဆင်ထားသည်။ အောက်ပိုင်းတွင် အဖြူရောင်ဝမ်းဆက်နှင့် အနီရောင်ပန်းပွားရှည်ကြီးကို တွယ်ဆက်၍ ဝတ်ဆင်ထားသည်။

အနီရောင်ကော်ဇောနှင့် သူမ၏ အနီရောင်ပန်းပွားတို့မှာ တစ်သားတစ်ရောင်တည်းဖြစ်နေ၍ ပို၍စိတ်ဝင်စားခဲ့သည်။ အထူးသဖြင့် ဖက်ရှင်သတင်းထောက်များအတွက် စိတ်ဝင်စားမှုအကောင်းဆုံးပြကွက်ဖြစ်လာခဲ့သည်။

အနီရောင်တိမ်တိုက်များအတွင်းမှ ထွက်ပေါ်လာသည့်ပုံစံဖြစ်အောင် အဆိုတော် ချယ်ရီကိုးလ်က အကောင်းဆုံးဝတ်ဆင်ပြခဲ့ခြင်းဖြစ်သည်။ ယင်းဖက်ရှင်ဝတ်စုံကို ဒီဇိုင်နာ စတီဖိန်းရိုလ်လန်းဟူတေးက တီထွင်ချုပ်လုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုတော်ချယ်ရီကိုးလ်သည် ယင်းဖက်ရှင်ဝတ်စုံနှင့်လိုက်ဖက်အောင် အဖြူရောင် စိန်နားကပ်ကို ပန်ထားပြီး လက်တစ်ဖက်တွင် စိန်စီထားသော ပိုက်ဆံအိတ်လှလှလေးတစ်လုံးကို ကိုင်ဆောင်ထားသည်။ သူမ၏ ဖက်ရှင်ဒီဇိုင်းသည် ယခုနှစ် ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် လူစိတ်ဝင်စားမှုအရှိဆုံး ဖက်ရှင်ဒီဇိုင်းဖြစ်ခဲ့သည်။ **(အင်တာနက်)**



# ပေါ့ပ်အဆိုတော် အဒေလီ ဘေလ်ဘုတ်ဂီတဆု ၁၂ ဆုဆွတ်ခူး

**လော့စ်အိန်ဂျလိစ် မေ ၂၁**

ကမ္ဘာကျော်ပေါ့ပ်အဆိုတော် အဒေလီ **(ဝဲပုံ)**သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ မေ ၂၁ ရက်ကကျင်းပသော ဘေလ်ဘုတ်(Billboard) ဂီတဆုပေးပွဲတွင် စုစုပေါင်း ဂီတဆု ၁၂ ဆု ဆွတ်ခူးရရှိသွားခဲ့သည်။ အဆိုတော်အဒေလီသည် အဆိုပါဂီတဆုပေးပွဲတွင် ဆု ၁၈ ဆုဆွတ်ခူးမည်ဟု ပဏာမရွေးချယ်မှုစာရင်းထွက်ပေါ်ခဲ့ရာမှ ၁၂ဆု ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ သူမ၏ ဒုတိယမြောက်အယ်လ်ဘမ်ဖြစ်သည့် 21 နှင့် အကောင်းဆုံးပေါ့ပ်ဂီတပညာရှင်ဆု၊ အကောင်းဆုံးအယ်လ်ဘမ်ဆုတို့အပါအဝင် ဆု ၁၂ ဆု ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။

ဆုရသူများတွင် ဂျပ်စတင်ဘီဘာ၊ ကာတီပယ်ရီနှင့် တေလာဆွစ်တို့လည်းပါဝင်ကြသည်။ ဆုပေးပွဲအခမ်းအနားကို လော့စ်အိန်ဂျလိစ်မြို့ MGM Grand Garden ၌ကျင်းပခဲ့သည်။ ရက်ပ်အဆိုတော် ခါလီဖာ၊ လီဝိန်း၊ R&B အဆိုတော် ခရစ်ဘရောင်းတို့လည်း လူသစ်တန်းအမျိုးသားဂီတပညာရှင်ဆု၊ တစ်နှစ်တာ အမျိုးသားအကောင်းဆုံးတေးသံရှင်ဆု၊ R&B အကောင်းဆုံးဂီတပညာရှင်ဆုများ အသီးသီးဆွတ်ခူးခဲ့ကြသည်။

အဆိုတော်ခရစ်ဘရောင်းက သူ၏Turn Up The Music သီချင်းနှင့် သီဆိုဖျော်ဖြေခဲ့သည်။ ဂျပ်စတင်ဘီဘာကလည်း သူ၏ အသစ်စက်စက်သီချင်းတစ်ပုဒ်ဖြစ်သည့် Boyfriend သီချင်းနှင့် သီဆိုဖျော်ဖြေခဲ့သည်။

အဆိုတော်တေလာဆွစ်သည် ယင်းဆုပေးပွဲတွင် Billboard Woman of the year ဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။ အသက် ၁၈ နှစ်ရှိ ဂျပ်စတင်ဘီဘာက twitter ဝက်စ်ဆိုက်ပရိသတ် ၂၂ သန်းနှင့် Facebook ပရိသတ် ၄၃ သန်းရှိသဖြင့် Most Social Artist ဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။ **(အင်တာနက်)**

# အဆိုတော် ကယ်ရီအန်ဒါဝုဒ်၏ အယ်လ်ဘမ် နံပါတ်တစ် လူကြိုက်အများဆုံးဖြစ်လာ



*နယူးယောက် မေ ၂၁*

***အိုင်ကျွန်းစတိုးတွင် အကောင်းဆုံးသီချင်း ၁၀ ပုဒ်နှင့် အကောင်းဆုံးတေးအယ်လ်ဘမ် ၁၀ ခု ထုတ်ပြန်ခဲ့ရာ အဆိုတော် ကယ်ရီအန်ဒါဝုဒ်** (ယာပုံ) **၏ Blown Away တေးအယ်လ်ဘမ်သည် နံပါတ်တစ်လူကြိုက်အများဆုံးတေးအယ်လ်ဘမ်ဖြစ်ပြီး အရောင်းရဆုံးတေးအယ်လ်ဘမ်လည်းဖြစ်သည်။***

***အဆိုတော် ဆေးဗားဆန်း၏ Neck of the Woods တေးအယ်လ်ဘမ်သည် ဒုတိယ အရောင်းရဆုံးတေးအယ်လ်ဘမ်ဖြစ်လာသည်။ နာမည်ကြီးဗြိတိသျှအဆိုတော် အဒေလီ၏ 21 သည် ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်ဖြစ်နေဆဲဖြစ်သည်။ နံပါတ်သုံးအရောင်းရဆုံးတေးအယ်လ်ဘမ်ဖြစ်သည်။ မကြာမီက ဗြိတိန်နိုင်ငံမှာရော အမေရိကန်နိုင်ငံမှာပါ နံပါတ်တစ်ရောင်းအား အကောင်းဆုံး အယ်လ်ဘမ်တစ်ခုဖြစ်ခဲ့သည့် အဆိုတော် ဂျက်ဝှိုက်၏ Blunderbuss သည် နံပါတ်ကိုးနေရာသို့ ရောက်ရှိသွားခဲ့သည်။ အဆိုတော် မတ်ရွန်းဖိုက်၏ Payphone သီချင်းမှာ အိုင်ကျွန်းစတိုးတွင် နံပါတ်တစ် လူကြိုက်အများဆုံးသီချင်းတစ်ပုဒ် ဖြစ်လာသည်။ ကနေဒါအဆိုတော် ဂျပ်စတင်ဘီဘာ၏ Boyfriend သီချင်းသည် နံပါတ်နှစ် လူကြိုက်အများဆုံးဖြစ်လာသည်။ အဆိုတော် ဂျင်နီဖာလိုပက်ဇ်၏ Dance Again နှင့် One Direction ဂီတအဖွဲ့၏ What Makes You Beautiful တို့မှာလည်း လူကြိုက်အများဆုံး သီချင်းများဖြစ်သည်။***

*(အင်တာနက်)*

သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ သိပ္ပံနှင့်နည်းပညာ

အာကာကျော် – စုစည်းသည်



## အိုင်ပက်အမျိုးအစားသစ် အက်ပဲလ်ထုတ်လုပ်မည်

*နယူးယောက် မေ ၂၁*

*ကမ္ဘာကျော်အက်ပဲလ်ကုမ္ပဏီက အနည်းငယ် သေးငယ်ပြီး အရည်အသွေးကောင်းမွန်သော အိုင်ပက်တက်ဘလက်အမျိုးအစားသစ် **(ဝဲပုံ)**ကို မကြာမီဈေးကွက်သို့ တင်ပို့ရောင်းချတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။*

*အဆိုပါအိုင်ပက်၏ စက္ကရင်အကျယ်သည် ၇ ဒသမ ၈၅ လက်မသာရှိသည်။ ယခုနှစ် တတိယသုံးလပတ် သို့မဟုတ် လေးလပတ်တွင် ထွက်ရှိလာမည်ဟုဆိုသည်။ အက်ပဲလ်က လက်ရှိထုတ်လုပ်ထားသော အိုင်ပက်မှာ စက္ကရင်အကျယ် ၉ ဒသမ ၇ လက်မရှိသည်။နောက်ထွက်ရှိလာမည့်အိုင်ပက်သည် လက်ရှိအိုင်ပက်ထက် အရွယ်အစား ပို၍သေးငယ်သည်။*

*ယင်းအိုင်ပက်ကို အမေရိကန်ဒေါ်လာ ၂၀၀ သို့မဟုတ် ၂၅၀ ဖြင့် ရောင်းချနိုင်မည်ဟုဆိုသည်။ ၎င်းအိုင်ပက်ကို ipad mini ဟု အမည်ပေးထားသည်။ အက်ပဲလ်က ၎င်းအိုင်ပက်အမျိုးအစားသစ်ကို ထုတ်လုပ်လိုက်ခြင်းကြောင့် ဆမ်ဆောင်းနှင့် HTC တက်ဘလက်များ ရောင်းအားကျဆင်းသွားနိုင်သည်ဟုဆိုသည်။ ipad mini သည် လူကြိုက်များစေမည့် အိုင်ပက်အမျိုးအစားသစ်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း အက်ပဲလ်ကုမ္ပဏီက ပြောကြားသည်။* ***(အင်တာနက်)***

## အကြမ်းခံကင်မရာအမျိုးအစားသစ် အိုလံပတ်စ်ကုမ္ပဏီမှထုတ်လုပ်



**နယူးယောက် မေ ၂၁**

ကမ္ဘာကျော် အီလက်ထရွန်နစ်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အိုလံပတ်စ်ကုမ္ပဏီက ကမ္ဘာ့ပထမဆုံးအကြမ်းတမ်းခံကင်မရာအမျိုးအစားသစ်ကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။ **(ယာပုံ)**

အဆိုပါ ကင်မရာကို TG-1 iHS ဟု အမည်ပေးထားသည်။ ရုပ်ပုံကြည်လင်ပြတ်သားမှု အလွန်ကောင်းသည်။ ၎င်းကင်မရာကို စွန့်စွန့်စားစားရိုက်ကူးရသောနေရာများတွင် အသုံးပြုနိုင်မည်ဟုဆိုသည်။ ရေထဲတွင်လည်းကောင်း၊ ဆီးနှင်းများထူထပ်စွာကျဆင်းနေသည့် နေရာများတွင်လည်းကောင်း အသုံးပြုရိုက်ကူးနိုင်မည့် ကင်မရာအမျိုးအစားဖြစ်သည်။

**ပါရှိ**

ထို့အပြင် ၎င်းကင်မရာသည် ဗီဒီယိုရိုက်ကူးခြင်းနှင့် အသံဖမ်းခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။ ၎င်းကင်မရာတွင် 8 Xoptical Zoom လည်းပါရှိသည်။ ရေအောက်တွင်ရိုက်ကူးနိုင်သည့် မှန်ဘီလူးများလည်းပါရှိသည်။ ယင်းကင်မရာကို အိုလံပတ်စ်ကုမ္ပဏီက တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၃၉၉ ဒသမ ၉၉ ဖြင့် လာမည့် ဇွန်လတွင် ဈေးကွက်သို့ တင်ပို့ရောင်းချမည်ဖြစ်သည်။ **(အင်တာနက်)**



## လက်တော့(ပ်)အမျိုးအစားသစ် HP ကုမ္ပဏီမှထုတ်လုပ်

**နယူးယောက် မေ ၂၁**

ကွန်ပျူတာထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Hewlett Packard (HP) က လက်တော့(ပ်)အမျိုးအစားအသစ်တစ်မျိုးကို ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ယင်းလက်တော့(ပ်)ကို HP Envy Spectre XT ဟု အမည်ပေးထားသည်။ **(ဝဲပုံ)**

ယင်းလက်တော့(ပ်)သည် ပေါ့ပါးလှပပြီး မီဒီယာသမားများအတွက် အသုံးပြုရန် အကောင်းဆုံးလက်တော့(ပ်)အမျိုးအစားသစ်ဖြစ်သည်။ စက္ကရင်အကျယ် ၁၃ ဒသမ ၃ လက်မရှိသည်။ အချက်အလက်များသိမ်းဆည်းထားနိုင်မှုမှာ ၁၂၈ GP ဖြစ်သည်။ ဘက်ထရီအားတစ်ခါသွင်းထားလျှင် အနည်းဆုံး ရှစ်နာရီကြာအသုံးပြုနိုင်သည့် ဘက်ထရီပါရှိသည်။ ၎င်းလက်တော့(ပ်)အမျိုးအစားသစ်ကို လာမည့် ဇွန် ၈ ရက်တွင် အမေရိကန်ဈေးကွက်သို့ စတင်ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၉ ဒသမ ၉၉ ဖြစ်သည်။ **(အင်တာနက်)**

## ဈေးနှုန်းချိုသောစမတ်ဖုန်း တရုတ်ကုမ္ပဏီထုတ်လုပ်



*ပေကျင်း မေ ၂၁*

***တရုတ်နိုင်ငံ၏ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဘိုင်ဒူးက ၎င်း၏ ပထမဆုံးစမတ်ဖုန်းကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မေ ၁၅ ရက်က သတင်းဖော်ပြထားသည်။*** *(ယာပုံ)*

***အဆိုပါ မိုဘိုင်းလ်ဖုန်း ကုမ္ပဏီက Changhong H5018 ဟု အမည်ပေးထားသည့် တန်ဖိုးနည်း စမတ်ဖုန်းကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီကကြေညာသည်။ ဘိုင်ဒူးကုမ္ပဏီက ယင်းစမတ်ဖုန်းတွင်အသုံးပြုသော ဆော့ဖ်ဝဲလ်ကို ကိုယ်ပိုင်ဆော့ဖ်ဝဲလ်အဖြစ်သုံးစွဲထားသည်။***

***တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် စမတ်ဖုန်းအများဆုံးအသုံးပြုနေသည့် နိုင်ငံဖြစ်သည်။ ဘိုင်ဒူးကုမ္ပဏီက မိုဘိုင်းလ်ဖုန်းဈေးကွက်ဝေစုကို ခွဲဝေယူရန်အတွက် စမတ်ဖုန်းကိုထုတ်လုပ်လိုက်ခြင်းဖြစ်သည်။***

*ရောင်းအားကောင်း*

***၎င်းစမတ်ဖုန်းသည် ဘိုင်ဒူးကုမ္ပဏီက ပထမဆုံး ထုတ်လုပ်သည့် စမတ်ဖုန်းဖြစ်သည်။ တရုတ်ဈေးကွက်တွင် ၎င်းစမတ်ဖုန်းကို ယွမ် ၁၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၈ ဒေါ်လာ)ဖြင့် ရောင်းချသွားရန်စီစဉ်လျက်ရှိသည်။ လက်ရှိ တရုတ်ဈေးကွက်များတွင် Huawei, ZTE, HTC, Lenova ဟမ်းဆက်များ ရောင်းအားကောင်းလျက်ရှိသည်။*** *(အင်တာနက်)*

ကမ္ဘာတစ်လွှားထူးခြားဆန်းပြား ကမ္ဘာတစ်လွှားထူးခြားဆန်းပြား ကမ္ဘာတစ်လွှားထူးခြားဆန်းပြား

မောင်ချစ်ကြည်–စုစည်းသည်



## ဓာတ်ပုံနှင့်အသံတို့ကို ရယူနိုင်သည့် လျှို့ဝှက်ကင်မရာ

**နယူးယောက် မေ ၂၁**

အမေရိကန်နိုင်ငံမှ သိပ္ပံပညာရှင်များက သတင်းဓာတ်ပုံအချက်အလက်များကို လျှို့ဝှက်စွာမှတ်တမ်းတင်နိုင်သည့် လျှို့ဝှက်ကင်မရာတစ်မျိုးကို ထုတ်လုပ်လိုက်ကြောင်း မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

**ပြသနိုင်**

အဆိုပါကင်မရာလေးသည် အရွယ်အစား စတုရန်း တစ်လက်မပတ်လည်ခန့်သာရှိပြီး အသံဖမ်းကိရိယာလည်း ထည့်သွင်းထားသည်။ ပြည်သူများအနေဖြင့် တစ်စုံတစ်ရာသောကိစ္စအတွက် အကောင်းဆုံးသက်သေမှတ်တမ်းကို ဓာတ်ပုံနှင့်အသံတို့ဖြင့် ရယူကာပြသနိုင်မည်ဖြစ်သည်။ **(အပေါ်ပုံ)**

၎င်းကင်မရာလေးကို အလွယ်တကူ လျှို့ဝှက်စွာသယ်ဆောင်သွားနိုင်ပြီး လက်ဖဝါးအတွင်းမှာပင် မိမိအလိုရှိသော ဓာတ်ပုံမှတ်တမ်းကို ရယူနိုင်သည်။ တစ်ဖန်တစ်ဖက်လူ၏ စကားပြောဆိုမှုကိုလည်း ဖမ်းယူရရှိနိုင်သည်။

**ရယူနိုင်**

ကမ္ဘာလှည့်ခရီးသွားများ၊ စီးပွားရေးသမားများနှင့် သိပ္ပံသုတေသနပညာရှင်များအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် ကင်မရာလေးဖြစ်သည်။အကြမ်းဖက်ခံရမှု၊ ရာဇဝတ်မှုများဖြစ်ပွားမှုနှင့် အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရချိန်တို့တွင် အဖိုးတန်သောဓာတ်ပုံနှင့် အသံမှတ်တမ်းများကို ရယူနိုင်သည်။

အထူးသဖြင့် အမျိုးသမီးငယ်များအတွက် ကိုယ်နှင့်မကွာ ဆောင်ထားနိုင်ပြီး အကြမ်းဖက်မှုကြုံတွေ့နေချိန်၌ အကောင်းဆုံးသက်သေများအဖြစ် ရယူသက်သေပြသနိုင်သည့် ကင်မရာအမျိုးအစားဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာပေါ်၌ ခရီးအဝေးဆုံး တက္ကစီငှားရမ်းသွားလာသူများ



***လန်ဒန် မေ ၂၁***

*အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်နေထိုင်သော လူငယ်သုံးဦးတို့က ကမ္ဘာပေါ်တွင် တက္ကစီဖြင့် ခရီးအဝေးဆုံးကိုငွေကြေးကုန်ကျမှုအများဆုံးဖြင့် အသုံးပြုငှားရမ်းသွားရောက်ခဲ့ခြင်းဖြင့် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း မေ ၁၅ ရက်၌ ဖော်ပြသည်။* ***(ယာပုံ)***

*လန်ဒန်မြို့သား ပေါလ်အာချာ၊ ဂျွန်နီအဲလ်မစ်ဆင်နှင့် ပါနယ်တို့သုံးဦးသည် တက္ကစီတစ်စီးကိုငှားရမ်းကာ လန်ဒန်မြို့မှ နေ၍ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။*

*၎င်းတို့သုံးဦးသည် အင်္ဂလန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀တို့ကို မောင်းနှင်ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ဖြတ်သန်းခဲ့သောနိုင်ငံများမှာ တရုတ်၊ ပါကစ္စတန်၊ အီရန်၊ ဩစတြေးလျ စသည့်နိုင်ငံများအပါအဝင် နိုင်ငံစုံကိုဖြတ်သန်းခဲ့ခြင်းဖြစ်သည်။*

*တက္ကစီငှားရမ်းကာသွားလာခဲ့သည့် ခရီးမိုင်ပေါင်းမှာ ၄၃၂၀၈ မိုင်ဖြစ်ရာ ကမ္ဘာပေါ်တွင်တက္ကစီငှားရမ်းပြီးသွားသည့် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ ထို့အတူ အဆိုပါ ခရီးမိုင်အတွက် တက္ကစီငှားရမ်းခမှာ ပေါင် ၈၀၀၀၀ ကုန်ကျသည်။ ယင်းမှာ လောင်စာဆီဖိုးမပါဝင်ချေ။ ထို့ကြောင့် ကမ္ဘာပေါ်တွင် တက္ကစီငှားရမ်းခ အများဆုံးအဖြစ်လည်း ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။*

*တစ်ဖန်၎င်းတို့သည် လန်ဒန်မြို့မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီမှ စတင်ထွက်ခွာခဲ့ရာ လန်ဒန်မြို့သို့ ၂၀၁၂ ခုနှစ် မေ ၁၅ ရက်၌ပြန်ရောက်ရှိသဖြင့် အချိန် ၁၅လခန့်ကြာမြင့်ခဲ့ရာ ကမ္ဘာပေါ်တွင် အချိန်အကြာဆုံးတက္ကစီငှားခြင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။* ***(အင်တာနက်)***



## ကမ္ဘာ့ဈေးအမြင့်ဆုံးရရှိခဲ့သည့် ပေါ့ပ်ပန်းချီကား

*နယူးယောက် မေ ၂၁*

***အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပလျက်ရှိသည့် အနုပညာပစ္စည်းလေလံပွဲ၌ ခေတ်သစ်ပေါ့ပ်ပန်းချီကားတစ်ချပ်မှာ ဈေးအများဆုံးရရှိပြီး ပေါ့ပ်ပန်းချီလောက၌ စံချိန်တင်ဈေးဖြစ်ခဲ့ရာ ဈေးအများဆုံးရရှိသည့်ပေါ့ပ်ပန်းချီကားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။*** *(ဝဲပုံ)*

***၎င်းပန်းချီကားကို ပန်းချီဆရာရွိုင်လီချက်တင်းစတိန်းက ၁၉၆၄ ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။ Sleeping Girlဟု အမည်ပေးထားသော ၎င်းပန်းချီကားကို လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၂၆၇သန်းရရှိခဲ့ခြင်းဖြစ်သည်။***

***အိပ်ပျော်နေသောမိန်းကလေးတစ်ဦး၏ မျက်နှာကို အနီးကပ်ရေးဆွဲထားခြင်းဖြစ်ပြီး မျက်နှာ၊ ဆံပင်များ၏အနေအထား၊ မျက်ခုံး၊ နှုတ်ခမ်းနှင့် မျက်လွှာပိတ်ပြီး အိပ်ပျော်နေပုံများမှာ သဘာဝဆောင် ပေါ့ပ်ပန်းချီဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။***

***ပန်းချီဆရာရွိုင်လီချက်တင်းစတိန်းသည် ယင်းပန်းချီကားကို ကင်းဗတ်ပေါ်၌ စုတ်တံဖြင့်ရေးဆွဲထားသည့်အပြင် မျက်နှာပြင်ကိုခေတ်အမြင်ဖြင့် ပုံဖော်ပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် ရေးဆွဲတင်ပြပုံထူးခြားသဖြင့် ပန်းချီကားစုဆောင်းသူများအဖွဲ့တစ်ဖွဲ့က စိတ်ကြိုက်ဈေးပေးပြီး ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။ ထို့အတူ ၎င်းလေလံပွဲ၌ ပန်းချီဆရာ ဖရန်စစ်ဘာကွန်စ်၏ Figure Writing Reflected in Mirror အမည်ရှိ ပေါ့ပ်ပန်းချီကားမှာလည်း အမေရိကန်ဒေါ်လာ သန်း၄၀ ရရှိခဲ့သည်။*** *(အင်တာနက်)*

22-5 (15).pmd 1 5/22/2012, 3:05 AM

မြန်မာ့အလင်း **သိပ္ပံနှင့်နည်းပညာ** ➤ ကောင်းမြတ်သူ - ရေးသားသည် ➤

# မျက်မမြင်များ စက္ခုအလင်းရောင်ရစေရန် မျက်ကြည်လွှာအတုထုတ်လုပ်



**ဂလက်စ်ဂေါ မေ ၂၁**

မျက်မမြင်များ စက္ခုအာရုံ ပြန်လည်ရရှိစေရန် ရည်ရွယ်လျက် စကော့တလန် သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က မျက်ကြည်လွှာအတုကို စမ်းသပ်ထုတ်လုပ်နေပြီဖြစ်ကြောင်း မေ ၂၁ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂလက်စ်ဂေါမြို့ရှိ ဆက်ထရက်ကလိုဒေးတက္ကသိုလ်မှ သုတေသနသိပ္ပံပညာရှင်များသည် သက်ကြီးပိုင်းအရွယ်တွင် မျက်စိကွယ်တတ်သူများအား အလင်းဓာတ်ရရှိစေရန် ရည်ရွယ်လျက် မျက်ကြည်လွှာအတုကို စမ်းသပ်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း ၎င်းသိပ္ပံပညာရှင်များက ပြောကြားသည်။

အသက် ၅၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ မျက်စိဝေဒနာရှင် ၅၀၀ လျှင် တစ်ဦးနှုန်း မျက်စိကွယ်တတ်ကြသည်။ အသက် ၈၅ နှစ်ကျော်လျှင် ရှစ်ဦးလျှင် တစ်ဦးနှုန်း မျက်စိကွယ်လေ့ရှိသည်ဟု ဆိုသည်။

အဆိုပါ မျက်ကြည်လွှာအတုကို ဝိုင်ယာကြိုးမပါသည့် ပါးလွှာသော စီလီကွန်ပြားအဖြစ် ထုတ်လုပ်ထားသည်။ ၎င်းကို မျက်ကြည်လွှာအတွင်း ခွဲစိတ်ထည့်သွင်းပေးခြင်းဖြင့် မျက်စိဝေဒနာရှင်များ အလင်းဓာတ်ပြန်လည်ရရှိစေနိုင်မည်ဟု ဆိုသည်။ ယင်းမျက်ကြည်လွှာအတုကိရိယာကို ဆက်ထရက်ကလိုဒေးတက္ကသိုလ်မှ သုတေသီများက ကယ်လီဖိုးနီးယားပြည်နယ်ရှိ စတန်းဖို့ဒ်တက္ကသိုလ်မှ သုတေသီများနှင့် ပူးပေါင်းထုတ်လုပ်ခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

# ရောမမာစတာ တင်းနစ်ပြိုင်ပွဲ ရာဖေးလ်နာဒယ် ဖလားဆွတ်ခူး



**ရောမ မေ ၂၁**

ကမ္ဘာကျော်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် အီတလီနိုင်ငံ ရောမမြို့၌ မေ ၂၁ ရက်က ရောမမာစတာဖလား တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို အနိုင်ကစားပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၃* ❐

မြန်မာ့အလင်း **ကျန်းမာရေးသုတ**

# ကိုယ်ဝန်ဆောင်အမျိုးသမီးများ အာဟာရပြည့်ဝစွာစားသုံး



**လန်ဒန် မေ ၂၁**

ကိုယ်ဝန်ဆောင်နေစဉ် ကာလအတွင်း အာဟာရပြည့်ဝသော အစားအစာများ စားသုံးခြင်းဖြင့် ကလေးရောဂါမိခင်ပါ ကျန်းမာရေးကောင်းမွန်စေနိုင်ကြောင်း သုတေသန စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါ တွေ့ရှိချက်ကို အမျိုးသမီး ၇၀၀၀ ကျော်အား သုတေသနပြုလေ့လာချက်မှ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ဗြိတိသျှဆေးဂျာနယ်၌ ဖော်ပြထားသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် အာဟာရပြည့်ဝစွာ စားသုံးသင့်ကြောင်း၊ ကလေးကြီးထွားမှု အလွန်များနေမည် စိုးရိမ်၍ အစားအသောက်များကို လျှော့မစားသင့်ကြောင်း၊ အစားအစာကို လုံလောက်မျှတစွာ စားသုံးခြင်းဖြင့် ကိုယ်ဝန်ဆောင်များ မွေးဖွားရလွယ်ကူစေသည့်အပြင် ကလေးကိုလည်း ကျန်းမာရေးကောင်းစေနိုင်ကြောင်း လန်ဒန်အခြေစိုက် သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ကိုယ်ဝန်ဆောင် မိခင်များအား သတိပေးထားသည်။

အချို့သော ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ကလေး ပေါင်တိုးပြီး မွေးဖွားရခက်မည် စိုးရိမ်၍ အစားအသောက်များကို လျှော့စားနေကြသည်။ ယင်းကဲ့သို့ စားသုံးခြင်းမှာ ကလေးရောမိခင်ပါ ကျန်းမာရေး ပြဿနာများဖြစ်လာစေနိုင်ကြောင်း သုတေသီများက အကြံပြုထားသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ပိုမိုစားသုံးခြင်းဖြင့် ကျန်းမာရေးကို ပို၍အထောက်အကူဖြစ်စေနိုင်ကြောင်း လန်ဒန်မြို့ ကွင်းမေရီတက္ကသိုလ်မှ သုတေသန ပညာရှင်များက သတိပေးထားသည်။ **(အင်တာနက်)**


မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ


ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင် တဖြည်းဖြည်းမြင့်တက်လာ စာ-၄


စာ ၁၁ တိုက်စစ်မှူး ဒရော့ဘာ တရုတ်သို့ သွားရောက်ကစားတော့မည်


အဆိုတော် ကယ်ရီအန်ဒါဝုဒ်၏ အယ်လ်ဘမ် နံပါတ်တစ် လူကြိုက်အများဆုံး ဖြစ်လာ စာ ၁၂


# ပြည်သူလူထုသို့ မေတ္တာရပ်ခံ ပန်ကြားခြင်း

မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၈ ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၀ ရုံ စုစုပေါင်း ၂၉ ရုံရှိပြီး ၎င်းစက်ရုံများမှထွက်ရှိလာသော ဓာတ်အားများကို နိုင်ငံတွင်းရှိ ဒေသအသီးသီးသို့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနေဖြင့် မိုးရာသီကာလတွင် ရေအားပြည့်ပြည့်ဝဝ ရရှိသဖြင့် ဓာတ်အားပမာဏအများဆုံး ၁၂၇၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ပြီး နွေရာသီကာလတွင်မူ ဆည်ရေများ လျော့ကျလာမှုကြောင့် ဓာတ်အားပမာဏအများဆုံး ၁၀၀၀ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်ပေးနိုင်ပါသည်။

သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှာ ဓာတ်ငွေ့နှင့် လည်ပတ်ရသဖြင့် တစ်နှစ်ပတ်လုံး ပျမ်းမျှဓာတ်အား ပမာဏ ၃၄၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးနိုင်ပါသည်။ သို့ဖြစ်၍ ရေအား၊ ကျောက်မီးသွေးနှင့် ဓာတ်ငွေ့စက်ရုံများ ပေါင်း၍ ဓာတ်အားထုတ်လုပ်နိုင်မှု ပမာဏမှာ မိုးရာသီတွင် အများဆုံး ၁၆၁၀ မဂ္ဂါဝပ်ခန့်ဖြစ်ပြီး နွေရာသီတွင် အများဆုံး ၁၃၄၀ မဂ္ဂါဝပ်ခန့်သာ ဖြစ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ▲

# ငါးသိုင်းချောင်းမြို့ ရေကြီးနစ်မြုပ်မှုဘေးမှကင်းဝေးရေး ငဝန်မြစ် ရေလွှဲဖြတ်မြောင်းတူးဖော်နိုင်ခဲ့ပြီ

➤ သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ
➤ ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

*နေပြည်တော် မေ ၂၁*

*အကွေ့အကောက်များစွာဖြင့်စီးဆင်းနေသော ငဝန်မြစ်။ တသွင်သွင် စီးဆင်းနေသော ငဝန်မြစ်ကား ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့အနီး ကွေ့ကာဝိုက်ကာ စီးဆင်းလျက်ရှိသည်။ မိုးရာသီ ငဝန်မြစ်ရေတိုးပြီး ကမ်းပါးတိုက်စားလေ့ရှိရာ တာပေါင်များဖြင့် ဟန့်တားကာရံထားသော်လည်း မြစ်ရေတိုက်စားမှုကြောင့် မည်သည့်အချိန် တာပေါင်ကျိုးပြီး ငါးသိုင်းချောင်းမြို့နှင့် အနီးဝန်းကျင် လယ်မြေများ ရေကြီးနစ်မြုပ်မည်ကို ဒေသခံတို့ ရင်တထိတ်ထိတ်ဖြစ်နေခဲ့ကြသည်။ နေ့နေ့ညည စိုးရိမ်သောကဖြစ်ခဲ့ကြရသည်။*

*ငါးသိုင်းချောင်းမြို့ ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်တို့ အကြိမ်ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ လေ့လာသုတေသနပြုခဲ့ကြသည်။ တိုင်းတာတွက်ချက်စစ်ဆေးမှုများအရ ငဝန်မြစ် ရေလွှဲဖြတ်မြောင်း တူးဖော်ပေးပါက ငါးသိုင်းချောင်းမြို့ ရေဘေးအန္တရာယ်မှ ကင်းဝေးနိုင်မည်ဟူသော အဖြေထွက်လာသည်။ ရေရှည်အကျိုးရှိစွာ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ငဝန်မြစ် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ငဝန်မြစ် ရေလွှဲဖြတ်မြောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်တော့မည်ဟူသော* **စာမျက်နှာ ၇ ကော်လံ ၁** ◆



ငဝန်မြစ် ရေလွှဲဖြတ်မြောင်းကို ဤသို့ စက်ယန္တရားကြီးများဖြင့် တူးဖော်ခဲ့ကြသည်။